ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (7-12-2010) (၆၆၀၅)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် I.C.T နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခန်းမရှေ့၌ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ပြပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် မုံရွာမြို့နယ် နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ မုံရွာမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ပုသိမ်-မုံရွာလမ်းမကြီး၏ စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းအား မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ စစ်မှုထမ်းဟောင်း အောင်ဇေယျအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် နေရာချထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❀

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✽ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✽ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✽ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✽ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✽ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✽ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✽ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✽ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✽ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✽ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် **စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်)**အား ၂၀၀၉ ခုနှစ်အတွက် **"အမျိုးသားစာပေ တစ်သက်တာဆု"**ကို ရွေးချယ်ချီးမြှင့်လိုက်သည်။

အဆိုပါဆုကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေဆု ဘာသာရပ် ၁၀ မျိုးအတွက် ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

အသီးသီးရရှိ

ဝတ္ထုရှည်ဆုတွင် **'လက်ာရည်ကျော်'**၏ **"ဒေါက်တာရွှေသွေးနှင့် မပန်းမှူ"**၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် **'မောင်ခြိမ့်'**၏ **"တံငါအသည်း မာရဲ့သလားဟေ့နှင့် အခြားဝတ္ထုတိုများ"**၊ ကဗျာပေါင်းချုပ်ဆုတွင် **'မောင်နီဝင်း (ပခုက္ကူ)'**၏ **"စိမ့်စမ်းရေကြည်ကဗျာများ"**၊ စာပဒေသာဆုတွင် **'မောင်ခင်မင်(ဓနုဖြူ)'**၏ **"ဘာသာအမြင် စာပေအမြင်"**၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် **'ဦးကျော်သန်း(ဖယ်ခုံ)'**၏ **"ကယန်းလူမျိုး ကယန်းဓလေ့"**၊ ကလေးစာပေဆုတွင် **'မင်းရွှေမင်း(အင်းစိန်)'**၏ **"ပြည်ထောင်စုပန်းဥယျာဉ် ကလေးကဗျာများ"**၊ ဘာသာပြန် (သုတ)စာပေဆုတွင် **'ရဲတင့်'**၏ **"သွေးနှင့်ရေနံ"**၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် **'မကြန်'**၏ **"ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ"**၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် **'ဖိုးဆွေ (သစ်လုပ်ငန်း)'**၏ **"သစ်နည်းပညာ အခြေခံ"**နှင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် **'ဦးစောအောင်လှထွန်း'**၏ **"အသုံးချ သတ္တုဗေဒပညာ (ပထမတွဲနှင့် ဒုတိယတွဲ)"**တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဘာသာပြန်(ရသ)စာပေ၊ လူငယ်စာပေ၊ ပြဇာတ်စာပေနှင့် နိုင်ငံရေး စာပေတို့အတွက် ဆုများချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

နှိုးဆော်ထား

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၈ သို့ **တစ်ပတ်အတွင်း** ဆက်သွယ်သတင်းပို့ကြရန်နှင့် ၅"×၇" ရောင်စုံ (ကိုယ်တစ်ပိုင်း) ဓာတ်ပုံတစ်ပုံနှင့် ၁"×၁" အရွယ် တစ်ပုံစီကို **အမြန်**ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို **၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ** တွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ ဆောင်းပါး အညွှန်း

- ❀ **အလှည့်အပြောင်းကာလ၌ တည်တည်ငြိမ်ငြိမ် ချောချောမွေ့မွေ့ဖြစ်စေရန် များစွာ အရေးပါလှသည်ကို အထူးဆိုဖွယ်မရှိ။**
- ❀ **ထိုကာလမျိုး၌ 'လှေကို မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ' 'Don't rock the boat' ဟု အင်္ဂလိပ်ဘာသာ၌ ဆိုလေ့ရှိ။**
- ❀ **သို့သော် မြန်မာစကား၌ 'ဘုန်းကြီးရှူးနှင့် လှေလှူး' ဆိုသကဲ့သို့ လွဲမှားသော ခံယူချက်၊ ဦးတည်ချက်များဖြင့် တမင်သက်သက် လှေကို လှုပ်ခါအောင် လုပ်ကိုင်ရန် ကြံစည်လှုပ်ရှားမှု လွန်စွာ အန္တရာယ်ကြီးလှသော ဆိုးကျိုးဆက်များ ဖြစ်ပေါ်လာနိုင်။**

ကိုမြန်မာ၏ **"လှေကြီးပေါ်တွင်၊ လှေငယ်တင်"**

(ဆောင်းပါး) စာမျက်နှာ ၈၊ ၉

ကြေးမုံ
The Mirror
၇-၁၂-၂၀၁၀
(အင်္ဂါနေ့)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုးမြှင့်တိုက်ဖျက်

အိပ်ချ်အိုင်ဗွီရောဂါပိုးသည် စတင်တွေ့ရှိခဲ့သည်မှ နှစ်ပေါင်း ၃၀ ခန့်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။ အချို့နိုင်ငံများ၏ လူ့သက်တမ်းသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် လျော့နည်းလာသည်။ ကမ္ဘာတစ်ဝန်းရှိ အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြားအရွယ် သေဆုံးသူများသည် အဆိုပါ ရောဂါကြောင့် အများဆုံးသေဆုံးကြရကြောင်း သိရသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ လူပေါင်း ၃၃ သန်းကျော် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှု ခံစားနေကြရသည်။ ရောဂါပိုးကူးစက်ပျံ့နှံ့မှု မြန်ဆန်သဖြင့် ၂၀၀၉ ခုနှစ် တစ်နှစ်တည်းတွင်ပင် လူပေါင်း နှစ်သန်းကျော်ကူးစက်ခံခဲ့ကြရပြီး တစ်သန်းကျော်သေဆုံးခဲ့ရသည်။ ကမ္ဘာ့နိုင်ငံအားလုံးက ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေး အလေးထားနေကြရပေပြီ။

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းနေသည်။ ပြည်သူလူထုအကြား အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ကျန်းမာရေး ပညာပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးရှိ ဆေးရုံများ၌ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုလုပ်ငန်း၊ မြို့နယ် ၂၁၀ နှင့် ဆေးရုံကြီး ၃၈ ရုံ၌ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပြည်နယ်၊ တိုင်းဒေသကြီးများရှိ ဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၃၀ တွင် အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အေအာတီ ဆေးဝါးများဖြင့် ကုသခြင်း၊ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ပြုစုကုသခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အေအိုင်ဒီအက်စ် လူနာပေါင်း နှစ်သောင်းကျော်ကို အေအာတီဆေးဝါးများဖြင့် ကုသပေးနိုင်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုနှုန်း တဖြည်းဖြည်း လျော့ကျလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် သုညဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် သုည ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့ လျော့ကျလာကြောင်း တွေ့ရသည်။

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများနည်းတူ ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးက အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဝန်ကြီး ဦးသိန်းအောင် တက်ရောက်အဖွင့်အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ်ရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အခြေအနေ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲ၍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အသင်းသားစုံညီအစည်းအဝေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် အသင်း၏အကျိုးဆောင် ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တင်သွင်းသော အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းရာ အသင်းသားများက အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။

ဆက်လက်၍ နေပြည်တော်ရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းက မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းရာ အသင်းသားများက ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။

ထို့နောက် နေပြည်တော်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး(နေပြည်တော်)ကို ဆောက်လုပ်ခဲ့သော Diamond Mercury ကုမ္ပဏီအား မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ဆက်လက်၍ Thousand Islands Business Group မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်တွင်းပရိဘောဂကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာ ခင်ကိုလတ်က လက်ခံသည်။

ထို့နောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ ၂၀၀၉-၂၀၁၁ ခုနှစ် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်းကြေညာပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌက ၂၀၁၁-၂၀၁၃ ခုနှစ် နှစ်နှစ်တာကာလအတွက် အသစ်ရွေးချယ်တင်မြှောက်ထားသည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ စာရင်းကို ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နှစ်ပတ်လည် အသင်းသား စုံညီ အစည်းအဝေးအပြီး၌ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းက ဝန်ကြီး ဦးသိန်းအောင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ညပိုင်းတွင် အဆိုပါ အသင်းရုံး၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း၏ ရည်ရွယ်ချက်များမှာ အသင်းဝင်လုပ်ငန်းရှင်များနှင့် အစိုးရဌာနဆိုင်ရာ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ရန်၊ သစ်အခြေခံ စက်မှုလက်မှုလုပ်ငန်းများ၊ သစ်ထုတ်လုပ် ရောင်းဝယ်ကုန်သွယ်မှု လုပ်ငန်းများမှအစပြု၍ သစ်တောကဏ္ဍ တစ်ရပ်လုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ သစ်အခြေခံစက်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းဖြည့်ဆည်းနိုင်ရန်နှင့် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် မြန်မာ့သစ်တောများ ထာဝစဉ် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန် တို့ဖြစ်သည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်း (သီရိရတနာသစ်ဆိုင်) နေ ဦးလှဝင်း-ဒေါ်ခင်သန်းရီမိသားစုက ထာဝရ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေ ပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၇-၁၉၇၁ ပညာသင်နှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ယင်းနေ့ည ၇ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ရှိ Western Park II Restaurant ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးလှငြိမ်း ဖုန်း-၀၉-၅၀၆၇၁၆၅၊ ဦးခင်မောင်မြ ဖုန်း-၅၄၁၅၄၅၊ ဒေါ်ခင်စိုးရည် (ကျိုက္ခမီ) ဖုန်း-၀၉-၅၁၄၂၀၇၇၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၁၆၅၂၄၈ နှင့် ၀၉-၅၁၈၀၅၁၇၊ ဒေါ်ရီတာမြင့် ဖုန်း-၀၉-၅၀၀၆၁၉၂၊ ဦးစိုင်းသန်းဝင်း ဖုန်း-၇၃၀၃၃၅၆၅၊ ဦးစိုးဝင်းဦး ဖုန်း-၀၉-၈၆၁၉၉၂၉၊ ဦးရစ်ချတ်သန်းဦး ဖုန်း-၀၉-၅၁၂၃၁၀၅၊ ပဲခူးဦးသန်းဦး (မဏ္ဍိုင်) ဖုန်း-၀၉-၅၀၀၈၉၈၈၊ ဦးတင်ဝင်း (မိုးမိတ်) ဖုန်း-၀၉-၅၁၂၇၆၈၆၊ ဦးဝင်းမြိုင် ဖုန်း-၀၉-၅၁၂၂၆၅၁နှင့် ဦးရဲမြင့် ဖုန်း-၀၉-၅၀၄၈၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များအကြောင်း ရှင်းလင်းဆွေးနွေးမည်

ရန်ကုန် ဒီဇင်ဘာ ၆

နိုင်ငံတကာ၌ ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးပြုဘာသာရပ်များကို ရွေးချယ်သင်ယူရာတွင် အဆင်ပြေလွယ်ကူမှုရှိစေရန်နှင့် အထောက်အကူပြုစေရန် Kaplan Higher Education Academyနှင့် CROWN Education တို့ ပူးပေါင်းစီစဉ်မှုဖြင့် စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် စာရင်းအင်းဘာသာရပ်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ PARKROYAL Hotel ၌ ကျင်းပမည်ဖြစ်သည်။

Kaplan သည် အမေရိကန်နိုင်ငံ၏ အကြီးဆုံးဘဏ္ဍာရေးနှင့် လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဆွေးနွေးပြောကြားမည့် အစီအစဉ်များကို Kaplan မှ Deputy Manager, Mr. James Kong က လာရောက်ရှင်းလင်းဆွေးနွေးမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စာရင်းအင်းနှင့် စီမံခန့်ခွဲမှုဘာသာရပ်များ၏ သဘောသဘာဝများ၊ မိမိတို့ သင်ယူရရှိထားသည့် ပညာရေးလမ်းကြောင်းအလိုက် လေ့လာသင်ယူသင့်သော အထူးပြုဘာသာရပ်များကိုပါ ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ်များကို လေ့လာသင်ယူလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးလမ်းကြောင်းများအပြင် မြန်မာနိုင်ငံမှ LCCI Level 3 ဖြေဆိုအောင်မြင်ပြီးသူများနှင့် အခြားနိုင်ငံတကာ အသိအမှတ်ပြု စီးပွားရေးဒီပလိုမာများ ရရှိထားသူများ၊ မြန်မာနိုင်ငံမှ စီးပွားရေးဘွဲ့ ရရှိထားသူများအတွက် သင့်တော်သည့် ပညာရေးလမ်းကြောင်းများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် အသေးစိတ်အချက်အလက်များကို CROWN Education ရုံးခန်း Summit Parkview Hotel, အခန်း(၂၂၈-၂၂၉) ဖုန်း -၂၁၁၈၈၈ (လိုင်းခွဲ ၂၂၈)နှင့် ၀၉-၄၉၂၉၃၃၁၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကျေးရွာတံတား

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပင်လုံကျေးရွာတံတား တည်ဆောက်နေမှုအား ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(7-12)02.pmd 1 12/7/2010, 1:59 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (၁၃၇၂) ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်စဉ်။ နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(၁၃၇၂)ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(၁၃၇၂)ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ သက်ကြီးစာပေပညာရှင်များ၊ ပူဇော်ကန်တော့ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေကျပ် ၃၉၉၀၀၀၀ ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ထံ ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေကျပ် ၃၉၉၀၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများက လှူဒါန်းသော အလှူငွေကျပ် ၁၁ သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းတို့ကို ဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပုံနှိပ်သူများက ငွေကျပ် ၇၂၅၁၅၀၀၊ ထုတ်ဝေသူများက ငွေကျပ် ၂၉၆၁၀၀၀၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက် Sky Net ၏ နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီက ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး မိသားစုက ငွေကျပ်ရှစ်သိန်း၊ ရှိုင်းဟုတ်ကုမ္ပဏီက ငွေကျပ် ၆၇၅၀၀၀၊ Asia Fame Media Group၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါက်တာတင်အောင်ခိုင် (Myanmar News Week)၊ ရုပ်ရှင်သရုပ်ဆောင်နေတိုးနှင့် မင်းသွေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ဗိုလ်မှူးသက်ထွန်း(ငြိမ်း)-ဒေါ်သီသီနွယ်၊ Envoy Journal တို့က ငွေကျပ်သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးမောင်မျိုး (ကြောင်နှစ်ကောင်စာပေ)၊ ဆရာမြသန်းစံ (အပ္ပမာဒစာပေ)၊ ဆရာမကြီးဒေါ်ခင်စော (မြန်မာစာပါမောက္ခ၊ မန္တလေးတက္ကသိုလ်-အငြိမ်းစား)အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Hot News ဂျာနယ်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးလှထွန်း(လှထွန်း-တွံတေး)-ဒေါ်ညွန့်ညွန့်သန်း မိသားစုက ငွေကျပ် ၁၀၅၀၀၀၊ ဒေါက်တာသာထွန်းဦး(Today)၊ ဒေါ်အေးအေးမင်း (နယ်သစ်ဦး ရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်)၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဦးကျော်ဝင်း (မနုသကျော်ဝင်း)၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ်၊ ဒုတိယ ဗိုလ်မှူးကြီးအုန်းမောင်(အငြိမ်းစား) (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ၊ မင်္ဂလာတောင်ညွန့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ ပန်းဘဲတန်း မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာမသီရိစံ၊ စာရေးဆရာ အကြည်တော်၊ ရုပ်ရှင်သရုပ်ဆောင် နေမင်း၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း(အငြိမ်းစား) (ဆရာသုခိအောင်)-ဒေါ်ခင်မြမြ၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (အငြိမ်းစား)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)နှင့် ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူတို့က ငွေကျပ်တစ်သိန်းစီ၊ စာရေးဆရာ ရွှေနေ ဦးခင်ဇော် (မရမ်းကုန်း)-ဒေါ်မိုးကလျာတို့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဘုရင့်နောင်မဂ္ဂဇင်း အုပ်ရေ ၂၀၀၊ ဒေါ်လှရတနာ (နွယ်ကသစ်စာပေတိုက်)က ငွေကျပ် ၁၆၈၀၀၀ တန်ဖိုးရှိ စာအုပ် ၁၄၀၊ ဆရာမကြီး ဒေါ်ကြည်ကြည်စိန် (ကျောင်းအုပ်ကြီး-မြန်မာနိုင်ငံ နဒီနက္ခတ်သင်တန်းကျောင်း)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိပြက္ခဒိန် ၁၄၀၊ မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ပြက္ခဒိန် ၁၅၀၊ ဦးလှတိုး (တိုးတက်)-ဒေါ်ချယ်ရီအောင် (ရန်အောင်စာပေ)က ငွေကျပ် ၁၆၂၀၀၀ တန်ဖိုးရှိ စာအုပ် ၁၂၀၀ နှင့် ခိုင်သဇင် လက်ဖက်ခြောက်က ငွေကျပ် ၁၁၀၀၀၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၃၅ ထုပ်၊ ဦးကိုကိုလှိုင်၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါက်တာတင်မောင်ထွေး၊ ဦးခင်ဆွေ(ရွှေစွန်ညို)-ဒေါ်နုယဉ် မိသားစု၊ တေးရေးဆရာအရိုး၊ ပေဖူးလွှာမဂ္ဂဇင်း၊ သရုပ်ဆောင်ကျော်ကျော်ဗိုနှင့် ဇနီး၊ ကိုအေးကို(ဖက်ရှင်မဂ္ဂဇင်း)နှင့် ဦးအောင်ဇေယျာမင်း(သီဟိုဠ်ပြန် တိုင်းရင်းသမားတော်ကြီး)တို့က ငွေကျပ်ငါးသောင်းစီနှင့် အလှူရှင်အသီးသီးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင်နှင့် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များကပေးအပ်လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်) က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့(၁၃၇၂)ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်အသီးသီး၏ ယနေ့အထိ လှူဒါန်းငွေမှာ ငွေကျပ် ၂၅၁၄၀၂၀၀ နှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၉၄၅၀၀၀ တို့ဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၆၀၈၅၂၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု
စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်)

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုရှည်	ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ	လက်ာရည်ကျော်	Family စာပေတိုက်
၂	ဝတ္ထုတိုပေါင်းချုပ်	တံငါအသည်းမာရဲသလားဟေ့နှင့် အခြားဝတ္ထုတိုများ	မောင်ခြိမ့်	စာပေဗိမာန်
၃	ကဗျာပေါင်းချုပ်	စိမ့်စမ်းရေကြည်ကဗျာများ	မောင်နီဝင်း (ပခုက္ကူ)	ဆုစာပေ
၄	စာပဒေသာ	ဘာသာအမြင် စာပေအမြင်	မောင်ခင်မင် (ဓနုဖြူ)	ပုဂံစာအုပ်တိုက်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	ကယန်းလူမျိုး ကယန်းဓလေ့	ဦးကျော်သန်း (ဖယ်ခုံ)	ချိုတေးသံစာပေ
၆	ကလေးစာပေ	ပြည်ထောင်စုပန်းဥယျာဉ် ကလေးကဗျာများ	မင်းရွှေမင်း (အင်းစိန်)	နိုင်ငံ့ဂုဏ်ရည်စာပေ
၇	ဘာသာပြန် (သုတ) စာပေ	သွေးနှင့်ရေနံ	ရဲတင့်	ပြည့်စုံစာအုပ်တိုက်
၈	သုတပဒေသာ (ဝိဇ္ဇာ)	ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ	မကြန်	မုံရွေးပုံနှိပ်တိုက်
၉	သုတပဒေသာ (ရိုးရိုးသိပ္ပံ)	သစ်နည်းပညာ အခြေခံ	ဖိုးဆွေ (သစ်လုပ်ငန်း)	ခုနစ်စဉ်စာပေ
၁၀	သုတပဒေသာ (အသုံးချသိပ္ပံ)	အသုံးချ သတ္တုဗေဒပညာ (ပထမတွဲနှင့် ဒုတိယတွဲ)	ဦးစောအောင်လှထွန်း	သင်းစာပေ

၂၀၀၀ပြည့်နှစ် ကွန်းကော့ဒ် ခရီးသည်တင်လေယာဉ်ပျက်ကျမှု ပြင်သစ်တရားရုံး တရားစီရင်

ပါရီ ဒီဇင်ဘာ ၆ - ၂၀၀၀ပြည့်နှစ် ဇူလိုင်လအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့တော် မြို့ပြင်၌ အသံထက်မြန် ကွန်းကော့ဒ်ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းပျက်ကျခဲ့မှုကြောင့် လူ ၁၁၃ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ အပြစ်ရှိသူများကို ပြင်သစ်တရားရုံးတစ်ရုံးက ယနေ့ ပြစ်ဒဏ်စီရင်ခဲ့ကြောင်း သိရသည်။

ကွန်းကော့ဒ်ခရီးသည်တင် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ယင်းလေယာဉ်ကို ပြေးဆွဲသူ ကွန်တီနင်တယ်လ် လေကြောင်းလိုင်းနှင့် လေယာဉ်စက်ပြင်ဆရာတစ်ဦးတို့သည် အပြစ်ရှိကြောင်းပါရီမြို့တော် အနောက်မြောက်ပိုင်း ပွန်တွိုက်စ်မြို့ တရားရုံးက စီရင်ချက်ချခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကွန်းကော့ဒ်လေယာဉ်ပျက်ကျမှုကြောင့် လူအစုလိုက် အပြုံလိုက်သေဆုံးခဲ့ရာတွင် တာဝန်မကင်းသူ လေယာဉ်စက်ပြင် ဆရာ ဂျွန်တေလာသည် ဒဏ်ငွေအဖြစ် ယူရိုငွေ ၂၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး ဆိုင်းငံ့ထောင်ဒဏ် ၁၅လ ကျခံရမည် ဖြစ်သည်။

ကွန်းကော့ဒ်လေယာဉ်ခရီးစဉ်ပြေးဆွဲသူ ကွန်တီနင် တယ်လ်လေကြောင်းကုမ္ပဏီကမူ ဒဏ်ငွေအဖြစ် ယူရိုငွေ ၂၀၂၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း ပွန်တွိုက်စ် တရားရုံး ကစီရင်ချက်ချခဲ့သည်။

သို့ရာတွင် ကွန်တီနင်တယ်လ်လေကြောင်းလိုင်း၏ ရှေ့နေ နှင့် လေယာဉ်စက်ပြင်ဆရာ ဂျွန်တေလာတို့၏ ရှေ့နေတို့ကမူ ပြင်သစ်တရားရုံး၏ တရားစီရင်မှုကို တရားမျှတခြင်းမရှိကြောင်း ပြောကြားခဲ့ကြသည်။ **အင်တာနက်။**

ကွန်တီနင်တယ်လ် လေကြောင်းလိုင်းပိုင် ကွန်းကော့ဒ်လေယာဉ်ခရီးစဉ် (၄၅၉၀) ပြင်သစ်နိုင်ငံ ပါရီမြို့ပြင်၌ ပျက်ကျခဲ့မှုကို ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်တို့ နျူကလီးယားအရေးဆွေးနွေးပွဲစတင်

ဂျီနီဗာ ဒီဇင်ဘာ ၆

အီရန်၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံ တို့အကြား တစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် ဆွေးနွေးပွဲတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယနေ့ ကျင်းပခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာမူဝါဒအကြီးအကဲ အက်ရှ်တန်ကက်သရင်း၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အီရန်နျူကလီးယားပြဿနာ စေ့စပ်ညှိနှိုင်းရေးမှူး ဆာအက်ဒ်ဂျာလီလီတို့က အဆိုပါဆွေးနွေးပွဲတွင် ပါဝင် ဆွေးနွေးခဲ့ကြသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုများ အတွက် လောင်စာနှင့် နျူကလီးယားလက်နက်များကိုပါ ထုတ်လုပ်နိုင်သော ယူရေနီယံသန့်စင်မှု လုပ်ငန်းကို ရပ်တန့် ရန် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံက ဆန္ဒရှိသည်။

ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ ပြည်တွင်းရေးအခြေ အနေအရ ယူရေနီယံသန့်စင်မှုကို လုပ်ဆောင်ခွင့်ရှိကြောင်း၊ အီရန်သည် အရပ်ဘက်သုံး နျူကလီးယားအစီအစဉ် အတွက်သာ လောင်စာထုတ်လုပ်ခြင်းဖြစ်ပြီး နျူလက်နက် ထုတ်လုပ်ရေးကို လုပ်ဆောင်မည်မဟုတ်ကြောင်း အီရန် ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။ **အေပီ။**

အီရန်နျူစေ့စပ်ညှိနှိုင်းရေးမှူး ဆာအက်ဒ် ဂျာလီလီ (ယာပုံ)**နှင့် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ။**

ပါကစ္စတန် လူမျိုးစုဒေသ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်ကြောင့် လူ ၅၀ သေဆုံး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၆ - **ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင်ကျင်းပသော တာလီဘန်ဆန့်ကျင်သူ မျိုးနွယ်စုဝင်များ အစည်းအဝေးကို အသေခံဗုံးခွဲသမားနှစ်ဦးက တနင်္လာနေ့တွင် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြရာ အနည်းဆုံးလူ ၅၀သေဆုံးခဲ့ ကြောင်းသတင်းတွင်ဖော်ပြသည်။**

အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများကို ပက်ရှ်ဝါမြို့ဆေးရုံသို့ ခေါ်ဆောင်လာသော ပါကစ္စတန် စေတနာ့ဝန်ထမ်းများ။

စစ်သွေးကြွများကြီးစိုးရာ မိုမန့်ဒေသ၏ အုပ်ချုပ်ရေးရုံး စိုက်ရာ ဂါလာနိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အဆိုပါအသေခံ ဗုံးခွဲ တိုက်ခိုက်မှုသည် ယခုနှစ်အတွင်း ပါကစ္စတန်လူမျိုးစုဒေသများ တွင် ဖြစ်ပွားခဲ့သော အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှု တစ်ရပ်ဖြစ်သည်။

တာလီဘန်ဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့များ၏ ဒေသခံ ခေါင်းဆောင်များနှင့် မိုမန့်လူမျိုးစုဒေသအာဏာပိုင်များအကြား တွေ့ဆုံဆွေးနွေးပွဲပြုလုပ်စဉ်အတွင်း အသေခံဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်၌ ဆွေးနွေးပွဲကျင်းပရာ အဆောက် အအုံအတွင်း လူပေါင်း ၃၀၀ ကျော်ရှိနေကြောင်း မျက်မြင် သက်သေများက ပြောကြားသည်။

ပါကစ္စတန် ရဲတပ်ဖွဲ့ဝတ်စုံကို ဝတ်ဆင်ထားသော ဗုံးခွဲ သမားတစ်ဦးသည် အစည်းအဝေးတက်ရောက်လာသော လူအုပ် အတွင်းဝင်ရောက်နိုင်ခဲ့ပြီး အခြားဗုံးခွဲသမားတစ်ဦးသည် အစည်း အဝေးကျင်းပရာအဆောက်အအုံ၏ လုံခြုံရေးဂိတ်ဝတွင် ကျန်ရစ် ခဲ့ကြောင်း၊ ၎င်းဗုံးခွဲသမားနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စက္ကန့်ပိုင်း မျှသာခြား၍ ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်ရုပ်သံဌာနများက အသေခံဗုံးခွဲတိုက်ခိုက်မှု ကြောင့် ပက်ရှ်ဝါဆေးရုံသို့ရောက်ရှိလာသော ဒဏ်ရာရလူနာများ ကို ရိုက်ကူးပြသခဲ့သည်။ ဗုံးပေါက်ကွဲမှုများကြောင့် လူ ၁၂၀ ကျော်ဒဏ်ရာရခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

အီရတ်နိုင်ငံအတွင်းသို့ ပြည်ပတိုက်ခိုက်ရေးသမားများ စိမ့်ဝင်ထိုးဖောက်မှုပိုမိုများပြားလာ

ဘဂ္ဂဒက် ဒီဇင်ဘာ ၆

မကြာသေးမီကာလက အီရတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်မှု ပိုမိုများ ပြားလာခဲ့ကြောင်း ထောက်လှမ်းရေးတာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြား သား စစ်သွေးကြွဦးရေ အတိအကျကို မသိနိုင်ကြောင်း၊ သို့ရာတွင် အောက်တိုဘာလ တစ်လတည်းမှာပင် ပြည်ပမှ စစ်သွေးကြွ ၂၅၀ ခန့် ဝင်ရောက်လာခဲ့သည်ဟု အရှေ့အလယ်ပိုင်း ထောက်လှမ်း ရေးတာဝန်ရှိသူတစ်ဦးက ခန့်မှန်းသည်။

ယခုနှစ် ဩဂုတ်လမှစ၍ အီရတ်နိုင်ငံအတွင်းသို့ နိုင်ငံခြား သားတိုက်ခိုက်ရေးသမားများ စိမ့်ဝင်ထိုးဖောက်မှု ပိုမိုများပြားလာ ခဲ့သည်ဟု အမေရိကန်တာဝန်ရှိသူများက အသိအမှတ်ပြုသည်။

၂၀၁၁ခုနှစ်ထက်နောက်မကျဘဲ အီရတ်နိုင်ငံမှ အမေရိကန် တပ်ဖွဲ့ ရုပ်သိမ်းရန်ပြင်ဆင်နေချိန်မှာပင် ယင်းနိုင်ငံရှိ အယ်လ်ခိုင်ဒါ ကလာပ်စည်းတစ်ခုသို့ ဘဏ္ဍာရေးအကူအညီပေးမှု ပိုမိုများ ပြားလာခဲ့ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

အီရန်နိုင်ငံ၏ ရှီးယိုက်လွှမ်းမိုးသော အစိုးရအဖွဲ့က အီရတ် နိုင်ငံအပေါ် ဩဇာလွှမ်းမိုးမှု ကြီးထွားလာနေခြင်းနှင့်ပတ်သက်၍ အာရပ်နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

အီရတ်နိုင်ငံက အလိုအရှိဆုံး အကြမ်းဖက်သမားများ ဖြစ်သော နိုင်ငံခြားသား တိုက်ခိုက်ရေးသမားခြောက်ဦးကို အီရတ်တပ်ဖွဲ့များက ရှာဖွေလျက်ရှိကြောင်း ဗိုလ်ချုပ်ကာ ဆင်အယ်လ်-မူဆာဝီက ပြောကြားသည်။ **အင်တာနက်။**

ရုရှားနိုင်ငံက လွှတ်တင်သော ဂြိုဟ်တုများ ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျ

မော်စကို ဒီဇင်ဘာ ၆ - ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ပစ်လွှတ်လိုက်သော ရုရှားနိုင်ငံ၏ ပရိုတွန်ဒုံးပျံနှင့် ယင်းသယ်ဆောင်သွားသော ဆက်သွယ်ရေးဂြိုဟ်တုသုံးလုံးတို့သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိခဲ့ခြင်းမရှိဘဲ ပေါက်ကွဲမှုဖြစ်ပွားကာ ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်စီးကျရောက်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီ တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ဘိုင်ကိုနောအာကာသစခန်းမှ ပစ်လွှတ်လိုက်သော ပရို တွန်ဒုံးပျံသည် ၎င်းသယ်ဆောင်ထားသော ကမ္ဘာ့တည်နေရာပြ ဂြိုဟ်တုသုံးစင်းနှင့်အတူ အမေရိကန်ပြည်ထောင်စု ဟိုနိုလူလူ ကျွန်း ကမ်းလွန်ရေပြင် မိုင် ၉၀၀ ခန့်အကွာတွင် ပေါက်ကွဲပျက်စီး ခဲ့ကြောင်း ရုရှားသတင်းဌာနတစ်ခုက ဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ ကမ္ဘာ့တည်နေရာပြစနစ် (ဂျီပီအက်စ်) ကို ယှဉ်ပြိုင်နိုင်ရေးအတွက် ဂြိုဟ်တုလမ်းညွှန်မှုစနစ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေသော ရုရှားနိုင်ငံအတွက် ပရိုတွန် ဒုံးပျံနှင့်ဂြိုဟ်တုများ ပျက်ကျမှုသည် မခံချိမခံသာဖြစ် ရပ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပရိုတွန်ဒုံးပျံသည် ဘိုင်ကိုနော အာကာသစခန်းမှ စတင်ပစ် လွှတ်စဉ်ကတည်းက လမ်းကြောင်းမှားခဲ့ကြောင်း ရုရှား အာကာသအေဂျင်စီတာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကား၍ အင်တာဖက်သတင်းဌာနက ဖော်ပြသည်။ **အေအက်ဖ်ပီ။**

ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်စီးကျရောက်ခဲ့သော ရုရှားနိုင်ငံ၏ ပရိုတွန် ဒုံးပျံကို ကာဇက်စတန် နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ဒီဇင်ဘာ ၆ ရက်တွင် ပစ်လွှတ်ခဲ့သည်ကို တွေ့ရစဉ်။

အာဖဂန်ပြည်သူများ အမေရိကန်တို့အပေါ် ယုံကြည်မှုနည်းလာ

ကဘူး ဒီဇင်ဘာ ၆ - အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်နှင့် ၎င်း၏မဟာမိတ်တို့၏ လုံခြုံရေးတာဝန်ယူနိုင်စွမ်းအပေါ် အာဖဂန်ပြည်သူများက ယုံကြည်မှုလျော့နည်းလာကြောင်း မကြာမီက ကောက်ခံခဲ့သော စစ်တမ်းတွင် ဖော်ပြထားသည်။

ကမ္ဘာကျော် သတင်းဌာနများပူးတွဲကောက်ယူခဲ့သည့် ယင်းစစ်တမ်းကို ဒီဇင်ဘာ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အာဖဂန်ပြည်သူတို့သည် ယမန်နှစ်ကထက်စာလျှင် တာလီဘန်တို့နှင့် တွေ့ဆုံဆွေးနွေးရန် ယခုနှစ်အတွင်း ပိုမိုဆန္ဒရှိလာကြကြောင်း ယင်းစစ်တမ်းတွင် တွေ့ရသည်။

ယင်းစစ်တမ်းကို အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၄ ခုတွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။ မေးမြန်းမှုများကို ဖြေကြားသူ ၂၅ ရာခိုင်နှုန်းကျော်သည် နိုင်ငံခြားတပ်ဖွဲ့များကို စစ်သွေးကြွများက ဆန့်ကျင်တိုက်ခိုက်ခြင်းသည် တရားမျှတမှုရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်က အာဖဂန်စစ်မြေပြင်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ကျော် ထပ်မံအင်အား ဖြည့်ခြင်းကို အာဖဂန်ပြည်သူ ၆၁ ရာခိုင်နှုန်းက ထောက်ခံခဲ့သော်လည်း ယခုစစ်တမ်းတွင် ယင်းကိစ္စ ကို ထောက်ခံသူ ၄၉ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပြီး ကန့်ကွက်သူ ၄၉ ရာခိုင်နှုန်း ရှိလာသည်ကို တွေ့ရသည်။

ကဘူးမြို့ရှိ အာဖဂန်နစ္စတန်လူမှုစီးပွားရေးနှင့် သဘောထားသုတေသန ဗဟိုဌာနက အောက်တိုဘာ ၂၉ မှ နိုဝင်ဘာ ၁၃ ရက်အထိ အရွယ်ရောက်သူ ၁၆၉၁ ဦးအား တွေ့ဆုံမေးမြန်း မှုများကို အခြေခံကာ စစ်တမ်းကို ပြုစုခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ကျောက်ဆောင်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကျောက်ဆောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံရာ တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များမှာကြားပြီး စစ်သည်၊ မိသားစုများအတွက် အဝတ်အထည်များ ပေးအပ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုများ အားရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ကျောက်ဆောင်းမြို့ တပ်မတော်ဆေးရုံသို့ ရောက်ရှိကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူလျက်ရှိသော စစ်သည်မိသားစုများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ကျောက်ဆောင်းတပ်နယ် နယ်မြေခံတပ်ရင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃ ရက်တွင် ကျောက်ဆောင်းမြို့ ပုလုံးတုံးတုံး (ပလုံးတုံးတုံး) တံတားသို့ ရောက်ရှိပြီး တံတားပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ဒီရေတောများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဘုရင့်နောင်ကုန်းမြေသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဘုရင့်နောင်ရုပ်တုကုန်းမြေ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် မြို့မတံတားသို့ ရောက်ရှိပြီး နယ်စပ်လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု၊ ကျောက်ဆောင်းကမ်းနားပတ်လမ်း မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုနှင့် မြို့မတံတားတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ စိုက်ပျိုးထွက်ရှိသည့် ဆီသီးခိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းပေး

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ကျောက်ဆောင်းမြို့နယ် သောင်ဖြူကျေးရွာ တိုးတက်အောင် သမဝါယမ အသင်းလီမိတက် ရေငန်ပုစွန်နှင့် ဥစားကြက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ခမောက်ကြီးတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ စစ်သည်မိသားစုများအတွက် အဝတ်အထည်များ၊ အားကစားပစ္စည်းများ ပေးအပ်ကာ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ခမောက်ကြီးတိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ခမောက်ကြီးမြို့နယ်ခွဲ ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းသုံး မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ ဆီအုန်းမျိုးစေ့များ၊ ဆီအုန်းပျိုးပင်များနှင့် စိုက်ပျိုးထွက်ရှိသည့် ဆီသီးခိုင်များအား ရှင်းလင်းပြသကြပြီး ကုမ္ပဏီရှင်းလင်းဆောင်၌ ကုမ္ပဏီမှဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမှာစကားပြောကြားသည်။

ထို့နောက် ဆီအုန်းဆီကြိတ်စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆီကြိတ်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဆီအုန်းကုန်ထုတ်လမ်းဖောက်လုပ်ထားရှိမှုအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးထားရှိမှု၊ ဆိပ်ကမ်းတည်ဆောက်နေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးသမားတော်များ စုစည်းညီညာပေါင်းစပ်မှုဖြင့် မြန်မာ့တိုင်းရင်းဆေး မြန်မာတွင်သာမက နိုင်ငံတကာသို့ပါ ထိုးဖောက်

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက မိမိတို့လေ့လာသိရှိထားသော ကုထုံးများကို သုတေသနပြု တင်ပြဖတ်ကြားသွားကြသည်။ စာတမ်းများအရ ဒေသအလိုက် ပေါက်ရောက်သော ဆေးဖက်ဝင်အပင်များကို သုတေသနပြု၍ ဒေသအတွင်း ဖြစ်ပွားတတ်သော ရောဂါများကို ကုသပျောက်ကင်းကြောင်း အထောက်အထားများနှင့် တင်ပြကြသလို တိမ်မြုပ်ပျောက်ကွယ်နေသော ဆေးကျမ်းများကို ဖော်ထုတ်သုတေသနပြု၍ ရောဂါဖြစ်ပျက်ပုံ၊ ရောဂါလက္ခဏာများနှင့် ကုသပုံနည်းစနစ်တို့ကို ဖော်ထုတ်ဖတ်ကြားသွားကြသည်။

ကြေးမုံသတင်းအဖွဲ့လည်း စာတမ်းရှင်များ ဖတ်ကြားသော ဆေးပညာဗဟုသုတများကို နားထောင်ရင်း ညီလာခံတက်ရောက်လာသူ သမားတော်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါ်တင်နွယ်ဦး(မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

“မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်မတို့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ သမားတော်ကြီးများ ရင်းနှီးချစ်ခင်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုရရှိပြီး ဆေးပညာရပ်များ ဖလှယ်ခွင့် ရတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးဟာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးဆိုတာ ဆေးနည်းမှန်ကန်မယ်၊ စံချိန်စံနှုန်းမီမယ်ဆိုရင် ဆေးစားလို့ အန္တရာယ်မရှိသလို ဆေးသက်တမ်းဟာလည်း အခွန့်ရှည်မယ်။”

ဦးစိုးမိုးလှိုင်(ဇီဝသုခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

“ညီလာခံမှာ ပြခန်းလည်းပြရင်း မန္တလေးတိုင်းဒေသကြီးမှ ညီလာခံ ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ညီလာခံ နှစ်စဉ်ကျင်းပနိုင်တဲ့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာရှိတဲ့ တိုင်းရင်းဆေး ဆရာတွေ တွေ့ဆုံခွင့်ရပြီး တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ တွေ့ရှိချက်၊ သိရှိချက်တွေကို ဖလှယ်ခွင့်ရပါတယ်။ အားလုံးအတွက် အကျိုးရှိတဲ့ညီလာခံဖြစ်ပါတယ်။ ညီလာခံကျင်းပခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်ဖြတ်သန်းလာခဲ့ပြီဖြစ်သလို နောင်ဆယ်စုနှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။”

ဒေါ်ဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

“မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ မောရိယမန်းဆေး၊ ဒဏ်ကြေဆေး၊ ချွဲသလိပ်ပျော်ရင်လူးဆေး၊ အကိုက်အခဲပျောက်ဆေးများကို ထုတ်လုပ်လျက်ရှိပါတယ်။ မျိုးရိုးစဉ်ဆက် ထုတ်လုပ်ပုံနည်းစနစ်တွေနဲ့ ခေတ်မီ စက်ကိရိယာတွေ ပေါင်းစပ်ပြီး ထုတ်လုပ်လျက်ရှိပါတယ်။ နိုင်ငံတော်က တိုင်းရင်းဆေးဝါးကို အားပေးမြှင့်တင်ပေးလို့ လုပ်ငန်းရှင်တွေ ကြိုးစားအားထုတ်မှုကြောင့် တိုင်းရင်းဆေးဝါးသစ်တွေ ပေါ်ထွက်လာတာကို တွေ့ရပါတယ်။ မိမိတို့အနေနဲ့လည်း ယခုထက်တိုးတက်ကောင်းမွန်အောင် ကြိုးစားထုတ်လုပ်နေပါတယ်။ အခုဆို မန္တလေးမှာ စက်ရုံအသစ်တည်ဆောက်နေပါတယ်။ ကောင်းမွန်သော ဆေးဝါးများထုတ်လုပ်မှုကျင့်စဉ် (GMP) စနစ်နဲ့ ISO လက်မှတ်ရအောင် ကြိုးစားနေပါတယ်။ နိုင်ငံတကာအထိပါ မိမိတို့ မြန်မာ့တိုင်းရင်းဆေးဝါးတွေ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိထိုးဖောက်နိုင်အောင် ကြိုးစားထုတ်လုပ်နေပါတယ်။”

ဒေါ်လှလှယဉ်(ဝိဇ္ဇာမျက်လုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

“မြန်မာ့တိုင်းရင်းဆေးဟာ အဓိကအားဖြင့် ဆေးဖက်ဝင်အပင်များက ထွက်ရှိတဲ့ အသီးအရွက်၊ အခေါက်တွေနဲ့ ဖော်စပ်ထုတ်လုပ်ထားလို့ အဖိုးနည်းနည်းနဲ့ ကျန်းမာရေးအတွက် အကျိုးရှိပါတယ်။ တိုင်းရင်းဆေးကို နိုင်ငံတော်အဆင့်ကနေ အားပေးမြှင့်တင်ပေးလို့ အနာဂတ်အတွက် အင်အားဖြစ်စေပါတယ်။ မြန်မာ့တိုင်းရင်းဆေးဟာ နိုင်ငံတကာအထိပါ ထိုးဖောက်လာနိုင်တာဟာ အရည်အသွေးစစ်မှန်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေဘက်ကလည်း ယုံကြည်စွာနဲ့ အားပေးသုံးစွဲကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီထက် အစွမ်းထက်တဲ့ဆေးဝါးတွေ ထုတ်လုပ်သွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။”

အနာသိရင် ဆေးရှိသည်ဟူသော ဆောင်ပုဒ်အရ လူ့ခန္ဓာကိုယ်၏ ဖောက်ပြန်ပြောင်းလဲမှုကို သိအောင်ကြိုးစားရင်း မိမိဒေသပတ်ဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို တိုင်းရင်းဆေးပညာအမြင်ဖြင့် ဖော်ထုတ်ခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာ၏ ထူးခြားသည့်ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ ယခုကဲ့သို့သော ညီလာခံများမှတစ်ဆင့် တင်သွင်းဖတ်ကြားခဲ့သော စာတမ်းများကို မှတ်တမ်းများပြုစု၍ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ တိုင်းရင်းဆေးသမားတော်များ စုစည်းညီညာပေါင်းစပ်မှုဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဆိုလျှင် မြန်မာ့တိုင်းရင်းဆေးသည် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ထိုးဖောက်နိုင်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။

တွေ့ဆုံမေးမြန်း - ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - ဌေးအောင်(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၂၅ ၆။ အင်္ဂလိပ်စာသုတ
၄း၃၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၄၂)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ သူတို့နှင့်သူတို့အကြိုက်
၆း၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ဟာသရုပ်စုံ
၂၂။ မွေးမြူသုတ
၂၃။ သီချင်းလက်ဆောင်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၃)**
၂၆။ Mini Series
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းပါ

ဝိသဇ္ဇက(ပဲခူး)

"အာရောဂျံပရမံလာဘံ" ဟူသည့်အတိုင်း ကျန်းမာခြင်းသည် အမွန်မြတ်ဆုံးသော လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာမှ အသက်ရှင်ရပ်တည်ရေးအတွက် အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အလုပ်လုပ်ကိုင်နိုင်မှသာလျှင် မိမိအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် လူတိုင်းမှန်ကန်သော ကျန်းမာရေးအသိပညာရှိရန်လိုအပ်သည်။

လူတိုင်း တစ်ကိုယ်ရေ သန့်ရှင်းစင်ကြယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းစင်ကြယ်ရေးကို အစွမ်းကုန်ပြုလုပ်သင့်ပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းစင်ကြယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းစင်ကြယ်ရေးသည် လောကီအကျိုးသာမက မဂ်ဖိုလ်ရရေးအထိအကျိုးပြုသည်။

သို့ဖြစ်၍ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ အိမ်သန့်ရှင်းရေး၊ အိမ်သာသန့်ရှင်းရေး၊ သောက်ရေသုံးရေသန့်ရှင်းရေး၊ အစားအသောက်သန့်ရှင်းရေး စသည်တို့ကို တတ်နိုင်သမျှ လိုက်နာခြင်းသည် ကျန်းမာသောသူ၊ ကျန်းမာသောမိသားစု၊ ကျန်းမာသောလူမျိုးဖြစ်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

တစ်ကိုယ်ရေသန့်ရှင်းရေး

မိမိတစ်ယောက်တည်း ကျန်းမာသန့်ရှင်းရေးအတွက် နေ့စဉ်လုပ်ဆောင်ရမည့် ပြုလုပ်ဖွယ်ရာများအား ဝတ္တရားတစ်ရပ်အနေဖြင့် မပျက်မကွက်ပြုလုပ်ခြင်းဖြစ်သည်။ နံနက်အိပ်ရာထပြီးနောက် တစ်နေ့တာကာလအတွင်း-

(က) မျက်နှာသစ် (ခ) သွားတိုက် (ဂ) ပလုတ်ကျင်း (ဃ) ရေချိုး (င) ဆီလိမ်း (စ) ဆံပင်ဖြီး (ဆ) မှန်ကြည့် (ဇ)ရေသောက် (ဈ) လက်ဆေးဟူသော ပြုဖွယ်များကို မပျက်မကွက်ပြုလုပ်သင့်သည်။

(က) မျက်နှာသစ်ခြင်း

နံနက်တိုင်းမျက်နှာသစ်ခြင်းသည် မူးဝေခြင်းမှ ကင်းဝေးခြင်း၊ သွေးအန်၊ သွေးလျှံ၊ သွေးဝမ်းသွားခြင်းမှ ကင်းဝေးခြင်း၊ ညှင်း၊ ဝက်ခြံ၊ မှဲ့၊ တင်းတိပ်တို့မှ ကင်းဝေးခြင်း၊ မျက်နှာကြည်လင်ခြင်း၊ ခံတွင်းမခြောက်ခြင်း စသည့် အကျိုးတရားများကို ရရှိစေသည်။

(ခ) သွားတိုက်ခြင်း

သွားကို မှန်မှန်တိုက်ခြင်းသည် ခံတွင်းအနံ့ကိုကောင်းစေခြင်း၊ မျက်စိကြည်လင်ခြင်း၊ သည်းခြေ၊ သလိပ်ဒေါသတို့ ပိတ်ဆို့ခြင်းမှကင်းခြင်း၊ ရသာကြောများသန့်ရှင်းခြင်း၊ စားသမျှနှစ်ခြိုက်မြိန်ယှက်ခြင်း စသည့်အကျိုးများကို ဖြစ်စေသည်။

(ဂ) ပလုတ်ကျင်းခြင်း

သွားမတိုက်မီနှင့် သွားတိုက်ပြီးတိုင်း ပလုတ်ကျင်း၍ အာခံတွင်း၊ လည်ချောင်းတို့ကို ဆေးကြောခြင်းသည် သလိပ်နာကိုနိုင်ခြင်း၊ ရေငတ်နာပျောက်ခြင်း၊ ခံတွင်းစင်ကြယ်ခြင်း၊ ခံတွင်းရှင်းခြင်း၊ သွားကြိတ်သည့် အလေ့အကျင့်မှ ကင်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

(ဃ) ရေချိုးခြင်း

မျက်နှာသစ်စဉ် အေးသောရာသီ၌ ရေနွေးကိုလည်းကောင်း၊ ပူအိုက်သောရာသီ၌ ရေအေးကိုလည်းကောင်း ချိုးခြင်းသည် ဆာလောင်မွတ်သိပ်ခြင်းမှကင်းခြင်း၊ အသားအရေတွန့်ခြင်းမှကင်းခြင်း၊ နှာစေးချောင်းဆိုးရောဂါကင်းခြင်း၊ မျက်စိကြည်လင်ခြင်း၊ အသက်ရှည်ခြင်း စသည့်အကျိုးတရားများ ရရှိနိုင်ပါသည်။ ရေချိုးသည့်အခိုက် မျက်စိဖွင့်ပိတ်ပြုလုပ်ခြင်း၊ နားများကို စင်ကြယ်အောင်ဆေးကြောခြင်းများကိုလည်း တစ်ပါတည်း ပြုလုပ်သင့်သည်။

(င) ဆီလိမ်းခြင်း

အုန်းဆီကိုသာ လိမ်းကျံခြင်းသည် ဦးရေအေးခြင်း၊ ဦးခေါင်းမှ အပူခိုးများထွက်ခြင်း၊ ဦးခေါင်းပေါ့ပါးခြင်း၊ ဦးခေါင်းယားယံခြင်းမှကင်းခြင်း၊ ဆံပင်သန်မာခြင်း၊ ဆံပင်ဖြူကို တားမြစ်ခြင်း စသည့် အကျိုးများရရှိစေနိုင်ပါသည်။

(စ) ဆံပင်ဖြီးခြင်း

ကျက်သရေတိုးခြင်း၊ လှပတင့်တယ်ခြင်း၊ ဖုတ်၊ မြူ ဖောက်တို့မှကင်းခြင်း၊ သန်းမရှိခြင်း စသည့်အကျိုးများကို ရရှိစေသည်။

(ဆ) မှန်ကြည့်ခြင်း

မှန်ကြည့်ခြင်းအားဖြင့် အလှအပပြုပြင်မှုအကျိုးကိုသာမကဘဲ မင်္ဂလာရှိခြင်း၊ နှစ်သက်မှုကိုဖြစ်စေခြင်း၊ ဝပြောစေခြင်း၊ သန်မာထွားကျိုင်းခြင်း၊ အသက်ရှည်ခြင်း စသည့်အကျိုးများ ရရှိစေပါသည်။

(ဇ) ရေသောက်ခြင်း

နံနက်အိပ်ရာထသည့်အခါ ညဥ့်သိပ်ရေ (လရောင်ခံ၍ ညဥ့်သိပ်ထားသည့်ရေကို နေရောင်ခြည်မထွက်မီ) ဝအောင်သောက်ခြင်းသည် မြင်းသရိုက်နာ၊ ကိုယ်ရောင်နာ၊ အဖျားရောဂါ၊ ဝမ်းချုပ်နာ၊ သည်းခြေရောဂါ အမျိုးမျိုးနှင့် ခေါင်းမူးခြင်းတို့မှ ကင်းဝေးခြင်း၊ အသက်ရှည်ခြင်း စသည့် အကျိုးများကို ရရှိစေနိုင်သည်။

(ဈ)လက်ဆေးခြင်း

လက်သည် ညစ်ပေသောအရာများကို အမြဲတစေ ထိတွေ့ကိုင်တွယ်နေသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ မည်သည့်အချိန်အခါတွင်မဆို လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောရန်လိုအပ်သည်။ အစာမစားမီ၊ အိမ်သာအသုံးပြုပြီး၊ အသား၊ ငါးနှင့် အသီးအရွက်များ မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီး၊ မသန့်ရှင်းသောအရာများကို ကိုင်တွယ်ပြီးချိန် စသည်တို့တွင် လက်ကို ဆပ်ပြာ၊ ရေဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောရမည်ဖြစ်သည်။

လက်ဆေးခြင်းဖြင့် အသည်းရောင်အသားဝါ၊ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်၊ သန်တုတ်ရောဂါနှင့် အူရောင်ငန်းဖျားတို့မှ ကင်းဝေးခြင်း၊ ကျန်းမာခြင်း စသည့် အကျိုးများရရှိစေနိုင်သည်။ ကလေးငယ်များ ဆော့ကစားပြီးတိုင်း လက်သာမက ခြေထောက်ပါ ဆေးကြောပေးရမည်ဖြစ်သည်။

အထက်ဖော်ပြပါတို့ကို နေ့စဉ်နေ့တိုင်းလိုက်နာကာ မှန်မှန်ပြုလုပ်ပေးခြင်းသည် တစ်ကိုယ်ရေသန့်ရှင်းရေးဖြစ်သည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး

ခန္ဓာကိုယ်သည် အမြဲတမ်း ဖုန်မှုန့်၊ မြူ အညစ်အကြေးတို့ဖြင့် တွေ့ထိနေရသည့်အတွက် နေ့စဉ်အချိန်မှန်မှန် ရေချိုးသင့်သည်။ နွေရာသီ၌ နံနက် ၈ နာရီ၊ မိုးရာသီ၌ နံနက် ၉ နာရီ၊ ဆောင်းရာသီ၌ နံနက် ၁၀ နာရီတို့၌ ရေချိုးရန် အသင့်တော်ဆုံးဖြစ်သည်။ ပူလွန်း၊ အေးလွန်းသောရေကို ချိုးခြင်းနှင့် ရေကို အချိန်ကြာမြင့်စွာ ချိုးခြင်းတို့မှ ရှောင်ကြဉ်သင့်သည်။ သို့မဟုတ်ပါက အခိုးငုပ် ရေချိုးမှားခြင်းမှသည် အဖျားရောဂါများ ဖြစ်လာစေနိုင်သည်။

စနစ်တကျအညစ်အကြေးစွန့်ခြင်း

ကျင်ကြီး၊ ကျင်ငယ် စသည့်အညစ်အကြေးများကို လူနေအိမ်နှင့် ဝေးရာတို့၌ ယင်လုံအိမ်သာများ ဆောက်လုပ်၍ စွန့်ပစ်ရပါမည်။ အိမ်တိုင်းတွင် တန်ဖိုးနည်းယင်လုံအိမ်သာ တစ်လုံးစီ ဆောက်လုပ်သည့် အလေ့အကျင့်များ ရှိရပါမည်။ အိမ်သာသန့်စင်ခန်း၌လည်း တုတ်၊ စက္ကူ စသည်တို့ကို သုံးခြင်းထက် ရေကိုသာ အသုံးပြုသည့် အလေ့အထကို ဆောင်ရွက်ရပါမည်။

အဝတ်အထည်၊ အိပ်ရာ၊ နေရာသန့်ရှင်းခြင်း

မိမိတို့နေ့စဉ် ဝတ်ဆင်သည့် အဝတ်အထည်များကိုလည်း အမြဲသန့်ရှင်းနေစေရန် ဖွပ်လျှော်ပေးရပါမည်။ ချေးအထပ်ထပ်ပေကျံနေသည့် အဝတ်အစားများကို မဝတ်ဆင်သင့်ပါ။ ပူအိုက်သောရာသီ၌ ပါးလွှာသော အဝတ်အထည်များနှင့် ချမ်းအေးသောရာသီ၌ ထူထဲနွေးထွေးသော အဝတ်အထည်များကို နေ့၊ ည ခွဲခြားကာ ဝတ်ဆင်ရပါမည်။

ညအိပ်သည့်အခါ အိပ်ရာ၊ ခြင်ထောင်၊ စောင် စသည်တို့ကိုလည်း သန့်ရှင်းစွာထားရပါမည်။ အချိန်မှန်အိပ်သင့်သည်။ တစ်နေ့လျှင် အနည်းဆုံး ၆ နာရီမှ ၈နာရီအထိ အိပ်သင့်ပါသည်။ သို့မှသာ ကျန်းမာရေးနှင့် ညီညွတ်ပါမည်။ အလုပ်တစ်ခုခုကြောင့် ညဥ့်နက်မှအိပ်ခြင်း၊ အလွန်စောစီးစွာထခြင်း စသည့်အမှုကို နေ့စဉ်ရက်ဆက် မကျင့်သုံးရန် သတိကြီးစွာထားရမည်။

ဆေးကျမ်းအရ ရေကိုချက်သောက်နည်း

ရေကိုကျိုချက်၍ သောက်ရာ၌ ရတုအားလျော်စွာ-

(၁) ဝဿာန၊ ဂိမှ ရတုတို့၌ ရှစ်ဖို့တစ်ဖို့ ကြွင်းကျိုပါ။ (၂) သရဒရတု၌ လေးဖို့တစ်ဖို့ ကြွင်းကျိုပါ။ (၃) သိသိရ၊ ဝသန္တ၊ ဟေမ ရတုတို့၌ နှစ်ဖို့တစ်ဖို့ ကြွင်းကျိုချက်ပါ။ (၄) သာမန်အသုံးပြုလိုသည့်အခါမျိုး၌ ဆူပွက်ရုံမျှ ကျိုချက်ပါ။

ဆေးဖြစ်အောင် ရေသောက်နည်း

ရေသောက်လျှင် ကျန်းမာစေလိုသည်ဟုဆိုသော်လည်း အချိန်မဲ့၊ အခါမဲ့ မသောက်သုံးသင့်ပါ။

(၁) အသက်ရှည်စေလိုသော် နံနက်စောစောနေရောင်ခြည် မထွက်ပေါ်မီ လရောင်ခံထားသည့် ညဥ့်သိပ်ရေကိုကျိုချက်၍ ဝအောင်သောက်ပါ။

(၂) လူပိန်စေလိုသော် အစာမစားမီ ရေကို ဝအောင်သောက်ပါ။

(၃) လူဝစေလိုသော် အစာစားပြီး ရေကိုဝအောင်သောက်ပါ။

(၄) ဝမ်းမီးနှံ့စေလိုသော် အစာ၏အလယ်၌ ရေကိုသောက်ပါ။

အစာစားသုံးရာတွင် လိုက်နာရန်အချက်များ

စားသုံးသူများကလည်း အစာမြင်တိုင်း စားသောက်သည့်အလေ့အကျင့်များမှ ရှောင်ကြဉ်လျက်-

(၁) ဆာမှသာစားရမည်။ (၂) ရှေ့အစာကြေပြီးမှ နောက်အစာကို စားရမည်။ (၃) ကိုယ်ကိုမတ်စွာထား၍ သို့မဟုတ် မြင့်သောနေရာတွင် သက်သာစွာထိုင်၍ စားရမည်။ (၄) အချိန်မှန်မှန်စားရမည်။ (၅) မနှေး၊ မမြန်စားရမည်။ (၆) စားသည့်အစာအာဟာရ၌ စိတ်ပါဝင်စားစွာ စားရမည်။ (၇) စားနေစဉ် သောက၊ ဒေါသ စသည့်စိတ်၏အပြစ်တို့ မှ ကင်းရှင်းစေရမည်။

အနာမဲ့စွာ အသက်ရှည်ရေးအတွက် ဥစ္စာကံစောင့် အသက်ဉာဏ်စောင့် ဟူသည့်အတိုင်း ကျန်းမာရေးအတွက် ပြုဖွယ်ရာကိစ္စများကို ဉာဏ်ဖြင့်ဆင်ခြင်ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် အခြေအနေပေါ်မူတည်၍ ဝမ်းနုတ်ခြင်း၊ ဝမ်းချုခြင်း၊ ဆီးချုခြင်း၊ နှာရှူခြင်း၊ ချွေးအောင်းခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် လူတိုင်းကျန်းမာရေးပြည့်စုံစေရန် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရမည်ကို တိုင်းရင်းဆေးပညာရှုထောင့်မှ ရေးသားတင်ပြလိုက်ရပါသည်။ ။

တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၆

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် လီယို ဖုန်း-၀၉-၅၀၁၁၃၉၂၊ ဒေါက်တာသာညဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးအောင်မြင့် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၀၁၂၁၊ ဦးမောင်မောင်လေး (သီပေါ) ဖုန်း-၀၉-၅၀၁၇၁၉၆၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ၀၆၇-၂၂၀၇၅၊ ဦးခင်မောင်ဆွေ(အောင်ပန်း) ဖုန်း-၀၉-၅၀၀၂၄၅၀၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်နန်းခင်အေး(တောင်ကြီး) ဖုန်း-၀၉-၅၂၄၀၄၀၂၊ ဦးခင်မောင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၁၃၇၄၂၃၊ ဒေါ်မေကြင် ဖုန်း-၂၁၀၉၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉-၅၁၅၃၇၈၇၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂- ၃၃၉၈၉၊ ဒေါ်ခင်မာရီ ဖုန်း-၀၆၇-၇၀၂၇၆၊ ဦးသန့်စင် ဖုန်း-၅၀၈၇၀၉ Ext-၃၆၀၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်တင်တင်နွဲ့ (လွိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း- ၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃ နှင့် စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၀) ငွေရတုအထိမ်းအမှတ်အဖြစ် ဘိုးဘွားများအတွက် ထာဝရအထွေထွေငွေပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MBA Marketing သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၆

Australia Institute of Business Administration (AIBA) က မဟာဘွဲ့သင်တန်းကို မြန်မာနိုင်ငံရှိ PS Business School ၌ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး PS Business School သည်လက်ရှိတွင် UK နိုင်ငံအခြေစိုက် The Association of Business Executive (ABE- UK) ၏ မြန်မာနိုင်ငံ၌ ပထမဆုံး မဟာဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်ခွင့်ရရှိသော အသိအမှတ်ပြု သင်တန်းကျောင်းတစ်ခုဖြစ်သည်။

အဆိုပါ ဩစတြေးလျနိုင်ငံ အသိအမှတ်ပြု မဟာဘွဲ့သင်တန်းတွင် ဘာသာရပ် ၁၁ ခုပါဝင်ပြီး ယင်းဘာသာရပ်များမှာ Strategic Marketing, Marketing Communication, Strategic Management, Strategic Operation, Strategic Supply Chain Management, Strategic Human Resource Management, Leadership, Strategic Legal and Social Issues, New Product Management, Entrepreneurship and Globalization နှင့် Strategic Finance တို့ဖြစ်သည်။

စစ်မေးရာတွင် စာမေးပွဲဖြေဆိုခြင်းနှင့် စာတမ်းပြုစုရေးသားခြင်းတို့ ပါဝင်မည်ဖြစ်ပြီး ပရောဂျက်တစ်ခုကိုလည်း တင်ပြရမည်ဖြစ်သည်။ စာမေးပွဲများကို လစဉ်စစ်မေးသွားမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုစီအတွက် သုံးနာရီခွဲဖြေဆိုရမည်ဖြစ်ကာ အမှတ်(၈၀) ပေးသွားမည်ဖြစ်သည်။ ကျန်အမှတ်(၂၀)ကိုမူ စာလုံးရေ ၁၅၀၀ ခန့် ပါဝင်မည့် Assignment ရေးသားတင်ပြရမည်ဖြစ်ပြီး ရန်ကုန်မြို့၌ ဖြေဆိုကာ ဩစတြေးလျနိုင်ငံတွင် အမှတ်စစ် အကဲဖြတ်မည်ဖြစ်သည်။ နောက်ဆုံးကျန်ရှိသော ပရောဂျက်ကို လုပ်ငန်းခွင်အခြေပြုပြီး မိမိနှစ်သက်ရာ ရွေးချယ်တင်ပြဖြေဆိုနိုင်မည်ဖြစ်ရာ ခေါင်းစဉ်ကို အတည်ပြုရယူရန် လိုအပ်မည်ဖြစ်သည်။

သင်တန်းကို စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားသွားမည်ဖြစ်ပြီး အသိအမှတ်ပြု ကျောင်းသားများသည် On-Line မှ တစ်ဆင့်လည်း လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

သင်တန်းသို့ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းများတွင် အဆင့်မြင့်အရာရှိ ရာထူးများဖြင့် လုပ်ကိုင်နေကြသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြသူများ လျှောက်ထားနိုင်ကြပြီး သင်တန်းတွင် ကျောင်းသားဦးရေကို ၁၅ ဦးသာ ကန့်သတ် လက်ခံသင်ကြားသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် PS Business School မြေနီကုန်းပလာဇာ သုံးလွှာ အခန်း-ဒီ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၄၄၈၂နှင့် ၅၀၀၅၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

(7-12)06.pmd 1 12/7/2010, 1:59 AM

❀ **ရှေ့ဖုံးမှ**

အောင်ဇေယျဈေးဆိုင်ခန်းများ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးသည် ချင်းတွင်းတံတား (မုံရွာ)နှင့် ကွန်ကရစ်ဘလောက်တုံးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာ-ဘုတလင်-ရေဦး လမ်းပိုင်းအခြေအနေများ၊ လမ်းဘေး ဝဲ၊ယာ စပါးစိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် မိုင်တိုင်အမှတ် (၁၁၁/၄)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မုံရွာ - ဘုတလင် - ရေဦး လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



▼**ကျောဖုံးမှ**

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ထံသို့ ပူးပေါင်းလာခဲ့ကြရာ ဒီဇင်ဘာ ၁ ရက်တွင် မွန်ပြည်သစ်ပါတီမှ ခွဲထွက်လာသော တပ်ဖွဲ့ဝင် ၁၀၁ ဦးသည် လက်နက်ငယ်မျိုးစုံ ၂၂ လက်နှင့်အတူ ထပ်မံပူးပေါင်းဝင်ရောက်လာခဲ့ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်သူ စုစုပေါင်း ၂၆၈ ဦးတို့အား မိမိတပ်မတော်နှင့် တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော မွန်ငြိမ်းချမ်း ကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ လက်နက်များ အပ်နှံကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်ခွေအောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၈။ အတီးပြိုင်ပွဲ
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ Local Talent
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာထူးပြု) (အင်္ဂလိပ်စာ)
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၀၅ ၆။ "ပြည်နယ်ရိက္ခာတိုးပွားဖူလုံ ရှမ်းရိုးမမွေးမြူရေးဇုန်"
- ၅း၁၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၂၅ ၈။ "ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၄)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ရယ်စရာဟာသများ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၃)**
- ၁၉။ "ရုပ်ရှင်ပဟေဋ္ဌိ"
- ၂၀။ အစီအစဉ်ပြီး၏။

အမက(၁၃) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက် အမက(၁၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် (စျ) ရပ်ကွက် ဘုမ္မာလမ်းမကြီးရှိ အလက(၈) အောင်တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၁-၁၉၈၁ ခုနှစ် ပညာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဦးလှသိန်းနှင့်တကွ ဆရာကြီး၊ ဆရာမကြီးများ၊ အဆက်အသွယ် လုံးဝမရသေးသည့် ဆရာဦးလှမင်း၊ ဦးထွန်းအေး၊ ဦးစိန်ထွန်းနှင့် ဆရာမ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ထူးရွှေဖော့တို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းလိုပါက ဆရာဦးအောင်သန်း ဖုန်း-၀၁-၇၃၀၃၆၂၇၇၊ ကိုထိန်ဝင်း ဖုန်း-၀၁-၆၉၉၈၁၄၊ ကိုထင်ကျော် ဖုန်း-၀၉-၂၀၃၃၄၂၆၊ ဒေါ်ငွေငွေဝင်း အလက(၈) ဖုန်း-၀၁-၆၉၉၂၇၉၊ ကိုတင်ထွန်းအောင် ဖုန်း-၀၁-၆၉၉၁၁၇၊ ကိုဇော်မင်းလွင် ဖုန်း-၀၁-၆၉၉၀၉၇ နှင့် ကိုဇော်သန့် (နေပြည်တော်) ဖုန်း-၀၆၇-၂၅၃၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဟိုတယ်၊ စားသောက်ဆိုင်၊ လေကြောင်းလိုင်းနှင့် သင်္ဘောလိုင်းများတွင် အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် သင်တန်းများဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality (CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် အထူးအသက်မွေးသင်တန်း တစ်ခုကို ဒီဇင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း အမျိုးအစားအနေနှင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများနှင့် နိုင်ငံတကာ အသိအမှတ်ပြု CTH Hotel Management Diploma နှင့် Advanced Diploma for Hotel Management များအတွက် တစ်နှစ်သင်တန်းများဖြစ်သည်။ နှစ်လ Certificate သင်တန်းများတွင် (၁) ဟိုတယ်စားဖိုမှူး၊ (၂) မုန့်ဖုတ်သင်တန်း၊ (၃) ဘားဝန်ထမ်း၊ (၄) စားပွဲထိုး၊ (၅) ဧည့်ကြိုနှင့် လေယာဉ်မယ်၊ (၆) အိပ်ခန်းဆောင်ထိန်းနှင့် (၇) အဲယားကွန်းကျွမ်းကျင် အစရှိသည်ဖြင့် သင်တန်းခုနစ်မျိုးပါဝင်သည်။ Certificate သင်တန်းများအတွက် အသက်အရွယ်မရွေး၊ ကျား၊မ မရွေး၊ ပညာအရည်အချင်းမရွေး တက်ရောက်နိုင်သည်။

နိုင်ငံခြားဘာသာစကားကို သီးသန့်သင်ယူလိုသူများအတွက် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကားနှင့် ဂျပန်ဘာသာစကား သင်တန်းများကို တက်ရောက်နိုင်ပြီး ကွန်ပျူတာဘာသာရပ်များအနေဖြင့် အခြေခံသင်တန်း၊ DTP, Auto CAD, Graphic Design, Video Editing Course, များ တက်ရောက်နိုင်သည်။

Asia Masters သည် ရန်ကုန်မြို့လယ်၌တည်ရှိသည့် ဟိုတယ်ကြီးနှင့် Shopping Mall ကြားတွင်တည်ရှိသဖြင့် သွားလာရေးအဆင်ပြေပြီး စာသင်ခန်းအားလုံးကိုလည်း နိုင်ငံတကာ အဆင့်မီ သင်ထောက်ကူပစ္စည်းများနှင့် အဆင့်မြင့် ဖွဲ့စည်းထားသည်။ သင်ကြားသည့် သင်ရိုးညွှန်းတမ်းများမှာ အင်္ဂလန်နိုင်ငံ CTH ၏ နိုင်ငံတကာအဆင့် သင်ရိုးညွှန်းတမ်းများဖြစ်သည်။ စာတွေ့၊ လက်တွေ့ သင်ကြားပေးသည့်အပြင် သင်တန်းကာလအပြင် သင်တန်းပြီးဆုံးသည့် အချိန်ထိ ပြည်တွင်း ဟိုတယ်များနှင့် စားသောက်ဆိုင်များတွင် လုပ်သက်အတွေ့အကြုံရရှိအောင် ဆောင်ရွက်ပေးထားသည်။

Asia Masters သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေးသင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်၊ တရုတ်ဘာသာစကား၊ ကွန်ပျူတာအခြေခံနှင့် အင်တာနက်၊ ကိုယ်ကာယအလှသင်တန်း၊ ယူနီဖောင်းနှင့် ရန်ကုန်မြို့တွင်း ဟိုတယ်နှင့် စားသောက်ဆိုင်များ လေ့လာရေးခရီး၊ အလုပ်အကိုင် သတင်းအချက်အလက်တို့ကို အခမဲ့ ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံ ဟိုတယ်၊ စားသောက်ဆိုင်များအပြင် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဆော်ဒီ၊ အိုမန်၊ ဘာရိန်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ဟိုတယ် SOP များအတိုင်း သင်ကြားပေးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ထားပြီးဖြစ်သည်။

ယခု အထူးအသက်မွေးသင်တန်းများကို ဒီဇင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၃၇၉၃၁၁၊ ၃၉၁၃၇၈ လိုင်းခွဲ-၇၁၅၊ ၇၃၀၅၀၆၀၃၊ ၇၃၁၂၁၆၄၃ Email enquiry @ asiamasters.org သို့ လည်းကောင်း၊ Website www. asiamasters.org တွင် လည်းကောင်း စုံစမ်းစာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အငြိမ်းစား ဝန်ထမ်းဟောင်းများအား သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းဟောင်းများအား (၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများ ဆက်သွယ်ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်မြင့်နှင့် ဦးမြင့်အေး (ဇီဝိတဒါနသံဃာ့ဆေးရုံ) ဖုန်း-၀၁-၅၄၅၇၈၂ နှင့် ၀၁-၅၄၁၇၉၅၊ ဦးစံနီမောင် ဖုန်း-၅၂၆၄၅၅၊ ဦးဝင်းမြင့် ဖုန်း-၅၈၁၁၆၄၊ ဦးမြသွင် ဖုန်း-၅၇၇၅၃၄နှင့် ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

"လှေကြီးပေါ်တွင်၊ လှေငယ်တင်"

ကိုမြန်မာ

"လှေကြီးပေါ်တွင်၊ လှေငယ်တင်
ပဲ့စင်ကလှုပ်၊ လှိုင်းကပုတ် . . ."
(အမည်မသိ ရှေးစာဆို)

နိုင်ငံတော်ဟူသည် လှေကြီးတစ်စင်းနှင့် တူသည်။ မာလိန်မှူးနှင့်တူသော အစိုးရတစ်ရပ်ရှိရသည်။ လှေသားများနှင့်တူသော အစိုးရယန္တရားများရှိရသည်။ ရေကြောင်းပြနှင့်တူသော ပါတီအဖွဲ့အစည်းများရှိရသည်။ ခရီးသည်နှင့်တူသော ပြည်သူလူထုလည်းရှိရသည်။ တက်၊ ရွက်တို့နှင့်တူသော စီးပွားရေးအင်အားရှိရသည်။ လှေဝမ်းခွံနှင့်တူသော စီးပွားရေးအခြေခံအဆောက်အအုံများလည်းရှိရသည်။ ယင်းအင်္ဂါရပ်များ တက်ညီလက်ညီ စုစည်းကောင်းမွန်ပြည့်စုံမှ လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ချောချောမွေ့မွေ့ ရောက်နိုင်သည်။ နိုင်ငံရေးအသုံးအနှုန်းအရ ယင်းသို့ နိုင်ငံ၏အင်္ဂါရပ် လုပ်ငန်းဆောင်တာများ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ချောချောမွေ့မွေ့ လည်ပတ်ဆောင်ရွက်နေသည်ကို နိုင်ငံရေးအရ စုစည်းမှုရှိသည်ဟု ဆိုကြ၏။

သို့သော် . . .

လှေကြီးပေါ်တွင် လှေငယ်တစ်စင်းထပ်၍ တင်လိုက်သကဲ့သို့ နိုင်ငံတော်စနစ်တစ်ခုအတွင်း၌ ရှိရင်းစွဲ ဥပဒေစည်းမျဉ်းမူဘောင်များနှင့် အကျုံးမဝင်ဘဲ ယင်းနိုင်ငံတော်ယန္တရားနှင့် စင်ပြိုင်လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်ပေါ်လာခဲ့လျှင် နိုင်ငံရေးမတည်မငြိမ် ဖြစ်လာတတ်သည်။ ယင်းကို အခြေခံဥပဒေမူဘောင်ပြင်ပမှ လှုပ်ရှားမှုများဟု ဆိုလေ့ရှိသည်။

> ✳ မျက်မှောက် မြန်မာနိုင်ငံရေးအနေအထားမှာ ဦးချိုလဲထားခါစ ဆတ်ချိုနကဲ့သို့ အထိမခံ သိမ်မွေ့လှသော အခြေအနေရှိ။
>
> ✳ ဤကာလတွင် အခြေအနေအရပ်ရပ်ကို ယထာဘူတကျကျ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် နားမလည်ဘဲ မိမိ၏ စိတ်ခံစားမှုများ၊ သူပြောလူပြော ဘေးစကားများ၊ ငါလုပ်သမျှ လက်ညှိုးညွှန်ရာ ရေဖြစ်ရမည်ဟူသော ယုံကြည်မှုလွန်ကဲ လမ်းလွဲမှုများဖြင့် ပေါ့ပေါ့တန်တန်တွက်ကာ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်အုပ်စု အကျိုးစီးပွားအတွက် အမျိုးသားအကျိုးစီးပွားကို ရေရှည်ထည့်သွင်းမစဉ်းစားဘဲ လှေကိုလှုပ်ခါရန် ကြိုးစားလျှင် လှိုင်းလေအကြား၌ လှေတစ်စင်းလုံး တစ်စစီပြိုကွဲကာ စုံးစုံးမြုပ်ရသည့် အခြေအနေမျိုး ရောက်သွားနိုင်သည်ကို အထူးသတိပြုသင့်။

နိုင်ငံတကာ၌ နိုင်ငံရေးဆောင်ရွက်ကြရာတွင် နိုင်ငံရေးနှင့်ပတ်သက်သော အလုပ်များကို နိုင်ငံရေးပါတီများက အခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ကြသည်။ ရည်မှန်းချက် တစ်စုံတစ်ရာအတွက် သီးသန့်လှုပ်ရှားမှုများကို နိုင်ငံရေးသမားဟုမခေါ်၊ တက်ကြွလှုပ်ရှား ဆောင်ရွက်သူများဟုသာ ခေါ်သည်။ ထိုသူတို့၏ အစုအဖွဲ့ကိုလည်း စိတ်သန်ရာအကျိုးစီးပွားအဖွဲ့အစည်း Interest Group ဟုသာ ခေါ်လေ့ရှိသည်။ နိုင်ငံရေးပါတီဟု မခေါ်ကြပေ။ ထိုအဖွဲ့အစည်းကလည်း နိုင်ငံရေးအာဏာ အလို့ငှာ လှုပ်ရှားဆောင်ရွက်ခြင်း မရှိကြချေ။ သူ့စည်းကိုယ့်စည်း ရှင်းရှင်းလင်းလင်းရှိကြသည်။

အခြေခံဥပဒေဘောင်အတွင်းမှ မဟုတ်ဘဲ နိုင်ငံရေးအာဏာ၊ နိုင်ငံရေးလုပ်ငန်းများနှင့် နွယ်ဆက်၍ လုပ်ဆောင်လှုပ်ရှားလာသောအခါ၌မူ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာသည်။ နိုင်ငံတော်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စင်ပြိုင်ဖြစ်မှု၊ ထိပ်တိုက်ဖြစ်မှု၊ ဖီလာဆန့်ကျင်မှု စသည်ဖြင့် အဟန့်အတား အနှောင့်အယှက်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် အမျိုးသားအကျိုးစီးပွားကို အမှန်တကယ်လိုလားသော နိုင်ငံရေးအင်အားစုများသည် မိမိတို့၏ ရည်မှန်းချက်မူဝါဒများကို တည်တည်ငြိမ်ငြိမ် လမ်းမှန်ကမ်းမှန် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံဥပဒေမူဘောင်အတွင်းမှ နိုင်ငံရေးပါတီများအဖြစ် ဖွဲ့စည်းကာ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်ကြသည်။ ပြည်သူတို့၏ ရွေးချယ်မှုကို လေးစားစွာခံယူ၍ တရားဝင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရှင်းလင်းမြင်သာစွာ ရယူအလုပ်အကျွေးပြုကြသည်။ ပြည်သူတို့၏ ရွေးချယ်မှု၌ အရေးနိမ့်ကာ အရွေးမခံရလျှင်လည်း စိတ်မပျက်၊ စိတ်မဆိုးဘဲ နောက်တစ်ကြိမ်အတွက် အကောင်းဆုံး ပြင်ဆင်ကြသည်။ ထိုသို့သော စနစ်မျိုး အခြေခိုင်မာသည့် ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးတည်ငြိမ်ကာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်စုံ၊ ရွက်ကုန်ဖွင့်နိုင်ကြပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင်မူ ဒီမိုကရေစီ တည်ဆောက်မှု အခြေမခိုင်မီ အခြေခံဥပဒေပြင်ပမှ လှုပ်ရှားမှုများကြောင့် အလူးလူးအလိမ့်လိမ့်ဖြစ်ကာ နိုင်ငံဖွံ့ဖြိုးရေးကို စိတ်ဖြောင့်ဖြောင့် မဆောင်ရွက်နိုင်ဘဲရှိတတ်ကြသည်။ အိမ်နီးချင်းနိုင်ငံတချို့၌ အရောင်စုံအင်္ကျီများဖြင့် လှုပ်ရှားမှုများ၊ အဓိကရုဏ်းများဖြင့် သွေးထွက်သံယိုမှုများ ဖြစ်ခဲ့ရသည့် နိုင်ငံရှိသကဲ့သို့ နိုင်ငံရေးကိစ္စကို ပါလီမန်အတွင်း၌ မဖြေရှင်းဘဲ လွှတ်တော်ပြင်ပ၌ 'ဟာတားလ်'ခေါ် အလုံးစုံသပိတ်မှောက် ပိတ်ဆို့မှုများဖြင့် လူအုပ်စုဖွဲ့ဖိအားပေးမှုများကြောင့် နိုင်ငံစီးပွားရေး ထိခိုက်ခဲ့ရသော နိုင်ငံမျိုးလည်း ရှိခဲ့သည်။

ယနေ့ကာလ မြန်မာနိုင်ငံ၌ မဲပေးပိုင်ခွင့်ရှိသော ပြည်သူအားလုံး၏ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက မဲပေးခဲ့ကြပြီး မဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အတည်ပြုထားသည့် အခြေခံဥပဒေလည်း ရှိနေပြီ။ ထိုအခြေခံဥပဒေနှင့်အညီ စနစ်တကျ ကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်များလည်း ရှိနေပြီဖြစ်သည်။ မကြာမီကာလ၌ ထိုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အဆင့်ဆင့်နှင့် အစိုးရတစ်ရပ်လည်း ထွက်ပေါ်လာတော့မည်ဖြစ်ကာ ဒီမိုကရေစီခေတ်သစ် အလှည့်အပြောင်းသို့ ရောက်ရှိလာပေတော့မည်။

ထိုသို့သော အလှည့်အပြောင်းကာလ၌ တည်တည်ငြိမ်ငြိမ် ချောချောမွေ့မွေ့ဖြစ်စေရန် များစွာအရေးပါလှသည်ကို အထူးဆိုဖွယ်မရှိပေ။ ထိုကာလမျိုး၌ 'လှေကိုမလှုပ်နဲ့၊ ငြိမ်ငြိမ်နေ' 'Don't rock the boat' ဟု အင်္ဂလိပ်ဘာသာ၌ ဆိုလေ့ရှိကြသည်။ သို့သော် မြန်မာစကား၌ 'ဘုန်းကြီးရှူးနှင့် လှေလူး' ဆိုသကဲ့သို့ လွဲမှားသောခံယူချက်၊ ဦးတည်ချက်များဖြင့် တမင်သက်သက် လှေကိုလှုပ်ခါအောင် လုပ်ကိုင်ရန် ကြံစည်လျှင်မူ လွန်စွာအန္တရာယ်ကြီးလှသော ဆိုးကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်။

စင်စစ်၌ မျက်မှောက်မြန်မာနိုင်ငံရေး အနေအထားမှာ ဦးချိုလဲထားခါစ ဆတ်ချိုနကဲ့သို့ အထိမခံ သိမ်မွေ့လှသော အခြေအနေရှိပေသည်။ ဤကာလတွင် အခြေအနေအရပ်ရပ်ကို ယထာဘူတကျကျ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် နားမလည်ဘဲ မိမိ၏ စိတ်ခံစားမှုများ၊ သူပြောလူပြော ဘေးစကားများ၊ ငါလုပ်သမျှ လက်ညှိုးညွှန်ရာ ရေဖြစ်ရမည်ဟူသော ယုံကြည်မှုလွန်ကဲ လမ်းလွဲမှုများဖြင့် ပေါ့ပေါ့တန်တန်တွက်ကာ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်အုပ်စု အကျိုးစီးပွားအတွက် အမျိုးသားအကျိုးစီးပွားကို ရေရှည်ထည့်သွင်းမစဉ်းစားဘဲ လှေကိုလှုပ်ခါရန် ကြိုးစားလျှင် လှိုင်းလေအကြား၌ လှေတစ်စင်းလုံး တစ်စစီပြိုကွဲကာ စုံးစုံးမြုပ်ရသည့် အခြေအနေမျိုး ရောက်သွားနိုင်သည်ကို အထူးသတိပြုသင့်ပေသည်။

ထို့ကြောင့် အမှန်တကယ် နိုင်ငံအကျိုးကို ထမ်းဆောင်ရန် နိုင်ငံရေးလုပ်လိုသည်ဆိုလျှင် ဒီမိုကရေစီ သဘောတရားနှင့်အညီ အများလက်ခံထားသော အခြေခံဥပဒေမူဘောင်အတွင်းမှ ရှင်းရှင်းလင်းလင်း၊ လွတ်လွတ်ကင်းကင်း၊ ရိုးရိုးသားသား ပါဝင်ဆောင်ရွက်သင့်ကြပေသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံတကာ

> ■ အမျိုးသား ...
> လိုလားသော ...
> မိမိတို့၏ ရည်...
> ငြိမ်ငြိမ် လမ်း...
> အတွက် အ...
> နိုင်ငံရေးပါတီ...
> ကောက်ပွဲ၌ ...
>
> ■ ပြည်သူတို့၏ ...
> တရားဝင် ပြ...
> ရှင်းလင်းမြင်...
>
> ■ ပြည်သူတို့၏ ...
> အရွေးမခံရလျှ...
> မဆိုးဘဲ နောက်...
> ပြင်ဆင်။
>
> ■ ထိုသို့သော စ...
> ကရေစီနိုင်ငံမျ...
> နိုင်ငံ ဖွံ့ဖြိုး...
> ရွက်ကုန်ဖွင့်နိ...

စံနှုန်းများထက် မ...
နိုင်ငံရေးပါတီ ထူ...
တိုင်းရင်းသားလူမျိုးစု...
ကိုယ်ပိုင်ပြဌာန်းခွင့်၊ ...
စာပေယဉ်ကျေးမှုထိ...
ပြည်ထောင်စုပုံစံကို ...
ပြင်ပမှ ဝင်ရောက်၍...
လိုတော့မည်မဟုတ်...
ခြင်းဖြင့် စတင်ထူထေ...
ကောင်းကျိုးထက် ...
ဖွယ်ရာရှိကြောင်း ...
သတိပေးလိုက်ရပါသ...

> ○ အမှန်တကယ် နိုင်ငံအကျိုးကို ထမ်းဆောင်ရန် နိုင်ငံရေးလုပ်...
> သဘောတရားနှင့်အညီ အများလက်ခံထားသော အခြေခံဥပဒေ...
> လင်းလင်း၊ လွတ်လွတ်ကင်းကင်း၊ ရိုးရိုးသားသား ပါဝင်ဆောင်...
>
> ○ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံတကာ စံနှုန်း...
> အင်အားစုများအားလုံး နိုင်ငံရေးပါတီ ထူထောင်လှုပ်ရှားခွင့်ပေ...
> လူမျိုးစုများအတွက်လည်း ထိုက်သင့်သော ကိုယ်ပိုင်ပြဌာန်းခွင့်...
> ဘာသာ စာပေယဉ်ကျေးမှုထိန်းသိမ်းခွင့် စသည့် စစ်မှန်...
> ချထားပေးပြီးဖြစ်ရာ အခြေခံဥပဒေပြင်ပမှ ဝင်ရောက်၍ 'န...
> လိုတော့မည်မဟုတ်။
>
> ○ ထိုသို့ 'မရောင်ရာကို ဆီလူး' ခြင်းဖြင့် စတင်ထူထောင်စ န...
> ကောင်းကျိုးထက် အဆိုးဝန်ထုပ်များသာ ပိုမိုလာနိုင်ဖွယ်ရာရှိ။

■ အမျိုးသား အကျိုးစီးပွားကို အမှန်တကယ် လိုလားသော နိုင်ငံရေးအင်အားစုများသည် မိမိတို့၏ ရည်မှန်းချက်မူဝါဒများကို တည်တည် ငြိမ်ငြိမ် လမ်းမှန်ကမ်းမှန် ဆောင်ရွက်နိုင်ရေး အတွက် အခြေခံဥပဒေမူဘောင်အတွင်းမှ နိုင်ငံရေးပါတီများအဖြစ် ဖွဲ့စည်းကာ ရွေး ကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်။

■ ပြည်သူတို့၏ ရွေးချယ်မှုကို လေးစားစွာခံယူ၍ တရားဝင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရှင်းလင်းမြင်သာစွာ ရယူအလုပ်အကျွေးပြု။

■ ပြည်သူတို့၏ ရွေးချယ်မှု၌ အရေးနိမ့်ကာ အရွေးမခံရလျှင်လည်း စိတ်မပျက်၊ စိတ် မဆိုးဘဲ နောက်တစ်ကြိမ်အတွက် အကောင်းဆုံး ပြင်ဆင်။

■ ထိုသို့သော စနစ်မျိုး အခြေခိုင်မာသည့် ဒီမို ကရေစီနိုင်ငံများတွင် နိုင်ငံရေးတည်ငြိမ်ကာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်စုံ ရှုက်ကုန်ဖွင့်နိုင်။

စံနှုန်းများထက် မလျှော့နည်းဘဲ အင်အားစုများအားလုံး နိုင်ငံရေးပါတီ ထူထောင်လှုပ်ရှားခွင့်ပေးထားသကဲ့သို့ တိုင်းရင်းသားလူမျိုးစုများအတွက်လည်း ထိုက်သင့်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ဘာသာ စာပေယဉ်ကျေးမှုထိန်းသိမ်းခွင့် စသည့် စစ်မှန်သော ပြည်ထောင်စုပုံစံကို ချထားပေးပြီးဖြစ်ရာ အခြေခံဥပဒေ ပြင်ပမှ ဝင်ရောက်၍ 'နငယ်ကိုအမြီးတပ်' စရာလည်း လိုတော့မည်မဟုတ်ပေ။ ထိုသို့ 'မရောင်ရာကို ဆီလူး' ခြင်းဖြင့် စတင်ထူထောင်စ နိုင်ငံသစ်၊ စနစ်သစ်အတွက် ကောင်းကျိုးထက် အဆိုးဝန်ထုပ်များသာ ပိုမိုလာနိုင် ဖွယ်ရာရှိကြောင်း စိတ်ရင်းစေတနာမွန်ဖြင့် ညွှန်ပြ သတိပေးလိုက်ရပါသတည်း။ ။

ဆောင်ရန် နိုင်ငံရေးလုပ်လိုသည်ဆိုလျှင် ဒီမိုကရေစီ ထားသော အခြေခံဥပဒေမူဘောင်အတွင်းမှ ရှင်းရှင်း ရိုးသားသား ပါဝင်ဆောင်ရွက်သင့်။

ဒေ၌ နိုင်ငံတကာ စံနှုန်းများထက် မလျှော့နည်းဘဲ ထူထောင်လှုပ်ရှားခွင့်ပေးထားသကဲ့သို့ တိုင်းရင်းသား သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင် မ်းခွင့် စသည့် စစ်မှန်သော ပြည်ထောင်စုပုံစံကို ပြင်ပမှ ဝင်ရောက်၍ 'နငယ်ကိုအမြီးတပ်' စရာလည်း

ဖြင့် စတင်ထူထောင်စ နိုင်ငံသစ်၊ စနစ်သစ်အတွက် သာ ပိုမိုလာနိုင်ဖွယ်ရာရှိ။

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ သုတေသနစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ဖြူဖြူ 'မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ခတ်တိုးဆန့်ကျင် ဂုဏ်သတ္တိနှင့် ပါဝင်သော ခတ်ပေါင်းများကို လေ့လာခြင်း' စာတမ်းဖတ်ကြားစဉ်။ (ကြေးမုံ)

နေပြည်တော် ဒီဇင်ဘာ ၆

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် နံနက်ပိုင်း တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ပထမပိုင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာ့တိုင်းရင်းဆေးဆရာအသင်းမှ ဦးစောအောင်တင်ငြိမ်း၊ ညီလာခံကိုယ်စားလှယ် ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာသော်ဇင်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် စာတမ်းများ ဖတ်ကြားတင်သွင်းရာ မြိတ်ခရိုင် တိုင်းရင်းဆေးကုဌာနမှ ကိုယ်စားလှယ် စာတမ်းရှင် ဒေါ်ဝါဝါနှင့် ဒေါ်ဝင်းဝင်းနိုင်တို့ ရေးသားပြုစုသော 'မြိတ်ဒေသထွက် ဆေးဖက်ဝင်လိပ်ကျောက်ဆူး' သုတေသနစာတမ်း၊ ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ဖြူဖြူနှင့်အဖွဲ့ ရေးသားပြုစုသော 'မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ခတ်တိုးဆန့်ကျင်ဂုဏ်သတ္တိနှင့် ပါဝင်သော ဒြပ်ပေါင်းများကို လေ့လာခြင်း' သုတေသနစာတမ်း၊ တောင်ကြီးမြို့ ညီလာခံကိုယ်စားလှယ် ဒေါက်တာခင်သန်းနွဲ့ ရေးသားပြုစုသော 'အနောက်တိုင်းဆေးပညာနှင့် တိုင်းရင်းဆေးပညာ ပေါင်းစပ်၍ Uncontrolled Infection of knee (A typical gas producing infection) ကို ကုသခြင်း' သုတေသနစာတမ်း၊ မန္တလေးတိုင်းရင်းဆေးရုံကြီးမှ ကိုယ်စားလှယ် ဦးသံချောင်း ရေးသားပြုစုသော 'လိပ်ခေါင်းရောဂါလက်တွေ့ကုထုံး နှစ်မျိုးဖြင့် ကုသခြင်း" သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး ညီလာခံတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဝထွန်းနှင့် ဒေါက်တာဦးမိတ်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန သစ်တောသုတေသနဌာန (ရေဆင်း)မှ ညီလာခံကိုယ်စားလှယ် ဦးကျော်ဝင်းမောင် ရေးသားပြုစုသော 'နံ့သာနီနှင့် ၎င်းတို့ကို တုပရောနှောရောင်းချလေ့ရှိသော သစ်သားများကို သစ်အင်္ဂါဗေဒလက္ခဏာများအရ ခွဲခြားစိစစ်ခြင်း' သုတေသနစာတမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနဌာနခွဲမှ ညီလာခံကိုယ်စားလှယ် စာတမ်းရှင် ဒေါ်စိုးစန္ဒာဖြိုးနှင့် အဖွဲ့ ရေးသားပြုစုသော 'ဆေးဖက်ဝင်ပန်းပွင့်များ၏ အကဲဖြတ်နိုင်သော ဝတ်မှုန်နှင့် ကိုယ်ပိုင်ဆဲလ် လက္ခဏာများအား လေ့လာဖော်ထုတ်ခြင်း' သုတေသနစာတမ်း၊ နေပြည်တော်ခရိုင် လယ်ဝေးမြို့ ညီလာခံကိုယ်စားလှယ် စာတမ်းရှင် ဦးလှသန်းနှင့်အဖွဲ့ ရေးသားပြုစုသော 'နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်ဒေသများမှ စီးပွားဖြစ်ထုတ်ယူနိုင်သည့် ပရဆေးပင် အရင်းအမြစ်များအား လေ့လာဖော်ထုတ်ခြင်း' သုတေသနစာတမ်း၊ ရန်ကုန်တိုင်းရင်းဆေးရုံကြီးမှ ညီလာခံကိုယ်စားလှယ် ဦးတင့်လွင် ရေးသားပြုစုသော 'ရှောင်ဆေးပြုလုပ်ပုံနှင့် အသုံးပြုပုံအကြောင်း သိကောင်းစရာ'စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး စာတမ်းဖတ်ပွဲ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တတိယပိုင်းအစီအစဉ်အဖြစ် (၁၁)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံ စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ဦးမျိုးမြင့်နှင့် ဦးဖြေတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် မော်လမြိုင်မြို့ ညီလာခံကိုယ်စားလှယ် ဦးမင်းတင်မောင် ရေးသားပြုစုတင်ပြသည့် 'ဝိဇ္ဇာဓာတ်ဆေးပညာမှ တိက္ခလောဟသံ ခတ်ပြာ ဆေးအကျိုးပြုပုံ' သုတေသနစာတမ်း၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာ အသင်းခွဲမှ ညီလာခံကိုယ်စားလှယ် ဦးဝင်းကို ရေးသားပြုစုတင်ပြသည့် 'တောင်သာခြောက်လုံးကောက် ဆေးပညာရပ်ကို အခြေခံ၍ ရောဂါဖြစ်ကြောင်း၊ ခန္ဓာကိုယ်တွင်း၌ ရောဂါဖြစ်ပျက်ပုံ၊ ရောဂါလက္ခဏာနှင့် ရောဂါဆုံးဖြတ်မှုဥပဒေများပြည့်စုံလာစေရန် ဆောင်ရွက်ရေး' သုတေသနစာတမ်း၊ ရန်ကုန်မြို့မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းဟန်ဦးနှင့် မော်လမြိုင်မှ ညီလာခံကိုယ်စားလှယ် ဦးကျော်စိုးတို့ ရေးသားပြုစုသည့် 'သားသမီးမွေးဖွားခြင်းဆိုင်ရာ နက္ခတ္တ အခြေခံသဘောတရားများ' သုတေသနစာတမ်းနှင့် မန္တလေးမြို့မှ ညီလာခံကိုယ်စားလှယ် ဦးကြည်လွင်မြင့် ရေးသားပြုစုသည့် 'တိုင်းရင်းဆေးကုသမှုတွင် လက္ခဏာပညာကို အသုံးပြု၍ ရောဂါရှာဖွေခြင်း' သုတေသနစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး ညီလာခံ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြကာ တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ရပ်နားလိုက်သည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် စာတမ်းဖတ်ပွဲ ပိတ်ပွဲ အခမ်းအနားအစီအစဉ်များကို မွန်းလွဲ ၃ နာရီတွင် ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက ဖတ်ကြားတင်သွင်းသွားသော စာတမ်းများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး ပြောကြားပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တနင်္သာရီတိုင်းရင်းဆေးဆရာအသင်းမှ ရှားပါးတိုင်းရင်းဆေးကျမ်းများကို တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးဝင်းဗိုလ်တို့က ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ယင်းနောက် (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံနှင့် သုတေသန စာတမ်းဖတ်ပွဲအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဂရိတ်ဝေါ၊ မှန်ချို၊ ကေသီပန်၊ ရုပ်ပျို၊ ဦးသာရင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များအား လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်က ရွှေရည်ဝင်းပတ္တမြား၊ မောရိယ၊ ရှမ်းပျိုမယ်၊ ဇီဝသုခ၊ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များအား လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရွှေသမင်၊ စိန်ဘယက်၊ ဆန္ဒမွန်၊ ဒေဝယက္ခ၊ အေးကမ္ဘာ၊ အဝေရာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များအား လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာငွေအောင်က ဂဠုန်ရာဇာ၊ မိခင်၊ အဘထ၊ ဝိဇ္ဇာ မျက်လုံး၊ မုံရွာရှောက်တလုံး၊ စန္ဒီပရဆေး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များအား လည်းကောင်း ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြပြီး ၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁၂-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "ကြီးပွားချမ်းသာရေး" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆:၄၀ ဖူးမည်အမှန်. . . ထူးမည်ဧကန်. . . မာရင်ါးမာရ်
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၇)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၄)**
၈:၄၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) ၏ ဂုဏ်ယူဆင်နွှဲကုန်စည်ပြပွဲ
၉:၀၅ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာလယ်တွင်းသား စောချစ်)
၉:၄၀ Cartoon Show Time (TARZAN & JANE)
၁၀:၂၅ Activities in The City -မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်းညီလာခံဖွင့်ပွဲ အခမ်းအနား
၁၀:၃၅ မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ
၁၀:၄၅ Celebrity Style (သရုပ်ဆောင်ခရစ္စတီးနားနှင့် တွေ့ဆုံခြင်း)
၁၁:၂၀ International Show Biz
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကား သင်တန်းကျောင်း)
၁၂:၃၀ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင် "မိခင်"
၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် [(၁၁)ကြိမ်မြောက် ဥပဒေကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ]
၁:၀၀ "ကြီးပွားချမ်းသာရေး" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Wedding Season (Part-7)
၂:၅၅ မူဟန်ကိုယ်စီတေးကိုသီ
၃:၁၀ Activities in The City (စုဒ္ဓသမအကြိမ်ချမ်းအေးဓမ္မ စာဆိုပညာရှင်ကြီးများအား ပူဇော်ဂုဏ်ပြုပွဲ)
၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၇)**
၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၄)**
၄:၅၀ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၅:၀၀ The Champion of Dance
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ပတ္တရားနေ့
၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၈)**
၇:၂၅ Road To Fashion Music Fastival
၇:၃၅ Celebrity Choice (Bambino)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးသောင်းဟန်)
၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၅)**
၁၀:၁၀ အနုပညာမိုးကောင်းကင်
၁၀:၂၅ စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစားအကြောင်းသိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
၁၀:၅၀ ကလေးတေးသရုပ်ဖော် အစီအစဉ်(၂)
၁၁:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများဖြူဖွေးသန့်စင်အောင် ကုသနည်း)
၁၁:၃၀ ရွှေတောင်မြို့မှစည်းလုံးချည်
၁၁:၄၅ World of Knowledge (Ultimate Disaster; Earthquake)
၁၂:၃၅ နာတာရှည်ကျောက်ကပ်အလုပ် မလုပ်(သို့)အားနည်းရောဂါ အကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ငွေး)
၁:၀၀ Movie Mistakes (Titanic)
၁:၁၅ Say It In English
၁:၂၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (မဟာရန်ကုန်စံပြသဘင်) (အပိုင်း-၁)
၁:၅၅ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၂:၁၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥဿဖရား) (အပိုင်း-၁)
၂:၄၀ သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Royal Modern Furniture)
၄:၁၀ မြင့်မြတ်စိတ်ထား AIKI KEN အားကစား
၄:၄၀ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကိုအလှဆင်မည်
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀(နေပြည်တော်) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀ (နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိယ်ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ ဂျပန်နိုင်ငံ SaSaKawa Peace Foundation, President ကိုယ်စား Program Officer, Mr. Yasutoshi Yashida က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဆွေးနွေးကြမည့် ဝန်ကြီးဌာနများမှ အရာထမ်းကိုယ်စားလှယ် ၆၀တို့က ဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ပြည်သူ့ရေးရာမူဝါဒ မြှင့်တင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် e-Government အခန်းကဏ္ဍနှင့် ပြည်သူ့ရေးရာကဏ္ဍတို့၌ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအတွက် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုမြှင့်တင်ခြင်း စသည့် အကြောင်းအရာများကို ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ကျင်းပပြီးစီး ယခုပြိုင်ပွဲမှ လက်ရွေးစင်အားကစားသမားများ ဖော်ထုတ်သွားမည်

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း အမျိုးသားအလွတ်တန်း အကောင်းဆုံးလက်ဝှေ့သမား မောင်ငယ်(ကာကွယ်ရေး)အား ဆုချီးမြှင့်စဉ်။ (လက်ဝှေ့အဖွဲ့ချုပ်)

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အလုပ်အမှုဆောင်များက ဆုများချီးမြှင့်ပေးကြသည်။

ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သစ် ပြန်လည်ဖွဲ့စည်းပြီးနောက် ခြောက်လအတွင်း ဒုတိယအကြိမ်မြောက် ကျင်းပသောပြိုင်ပွဲကြီးဖြစ်သည်။ ပထမအကြိမ်ကျင်းပခဲ့သော မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ နည်းတူ အနုပညာရှင်များ၏ ဖျော်ဖြေမှုများနှင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းအဆင့်မှ ဝိတ်တန်းအလိုက် ပထမရရှိသူ ကျပ်တစ်သိန်း၊ ဒုတိယ ကျပ်ငါးသောင်း၊ တတိယဆုအတွက် ကျပ်သုံးသောင်းစီ ချီးမြှင့်ပြီး အကောင်းဆုံးလက်ဝှေ့သမားဆုကို ကျပ်တစ်သိန်းခွဲ ချီးမြှင့်သည်။ ကျန်အဆင့်များတွင် ဝိတ်တန်းအလိုက် ပထမဆု ကျပ်ခုနစ်သောင်း၊ ဒုတိယဆု ကျပ်လေးသောင်း၊ တတိယဆုများအတွက် ကျပ်နှစ်သောင်းခွဲစီ ချီးမြှင့်ပြီး အဆင့်လိုက် အကောင်းဆုံးလက်ဝှေ့သမားဆု ရရှိသူများကို ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။

သက်ငယ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသော လင်းထွဋ်ပိုင် (အား/ကာသိပ္ပံရန်ကုန်)အား အိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အမျိုးသားအလွတ်တန်း အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသော မောင်ငယ်(ကာကွယ်ရေး)အား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ပြည်နယ်နှင့်တိုင်းအဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသော ကျော်ခိုင်ဦး(တပ်မတော်-လေ)အား ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်၊ အမျိုးသမီးအလွတ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့ဆုရရှိသော နှင်းမို့မို့နိုင် (အား/ကာသိပ္ပံမန္တလေး)အား အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်တို့က ဆုများ အသီးသီးချီးမြှင့်ပေးကြသည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် ၂၀၁၁ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယခုပြိုင်ပွဲများ ကျင်းပ၍ လက်ရွေးစင်အားကစားသမားများ ဖော်ထုတ်သွားမည့်အပြင် ဆက်လက်၍လည်း ပြိုင်ပွဲများကျင်းပခြင်း၊ ပြည်ပနည်းပြဆရာ ငှားရမ်းလေ့ကျင့်ခြင်း စသော လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
(လက်ဝှေ့အဖွဲ့ချုပ်)

မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၃၀၀ မှ ယနေ့အထိ မော်တော်ယာဉ်စီးရေ ၈၂၇၈၅စီး အထိ ထုတ်လုပ်နိုင်ပြီ

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စက်မှုဇုန်လုပ်ငန်းရှင်များက မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယခုအခါတွင် စက်မှုဇုန် ၁၈ ဇုန်ရှိ စက်မှုဇုန်ခွဲပေါင်း ၂၉ ခုမှ မော်တော်ယာဉ်မျိုးစုံကို ထုတ်လုပ်နိုင်ကြပြီဖြစ်သည်။

မော်တော်ယာဉ်ထုတ်လုပ်မှုနည်းပညာများ ပံ့ပိုးပေးခြင်း၊ လိုအပ်သော အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများတင်သွင်း ရောင်းချပေးခြင်း၊ ၂၀၀၃ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ မော်တော်ယာဉ်ပြပွဲများ ကျင်းပပေးခြင်းတို့ကြောင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ ကျယ်ပြန့်တိုးပွားလာခဲ့ရာ ယနေ့ကာလတွင် စက်မှုဇုန်များ၌ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၃၀၀ ရှိလာပြီဖြစ်ကာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၀-၂၀၁၁ခုနှစ်(၁၁-၁၀-၂၀၁၀)အထိ မော်တော်ယာဉ် စီးရေ ၈၂၇၈၅စီး ကို ထုတ်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ နိုင်ငံတကာတွင် စွမ်းအင်ချွေတာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် လျှပ်စစ်ကားများ၊ Solar ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်က ဆက်လက်ပံ့ပိုးအားပေးလျက်ရှိကြောင်း သိရသည်။

အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရန် လုပ်ငန်းရှင်များအား နိုင်ငံတော်က ဆက်လက်ခွင့်ပြု အားပေးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မောင်မောင်ထွေး(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး၌ တောဆင်ရိုင်းရန်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာနေ ဦးအောင်ရှိန်းနှင့် ဦးတိုက်ကြီးတို့သည် ဒီဇင်ဘာ ၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ရွာမြောက်ဘက် တစ်မိုင်ခန့်အကွာ နှမ်းခင်း၌ နှမ်းရိတ်သွားရောက်စဉ် တောဆင်ရိုင်းတစ်ကောင်နှင့် တွေ့ရာ ဆင်ရိုင်းတက်နင်းခံရသဖြင့် ဦးအောင်ရှိန်းသေဆုံးပြီး ဦးတိုက်ကြီးမှာ ဒဏ်ရာများရရှိခဲ့၍ သပိတ်ကျင်းဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ထို့နောက် တောဆင်ရိုင်းသည် မန္တလေး-မိုးကုတ် ကားလမ်း ကြာရိုးပင်ကျေးရွာအနီး၌ မန္တလေးမှ မိုးကုတ်သို့ ထွက်ခွာလာသည့် ဟိုင်းအေ့စ်ယာဉ်တစ်စီးနှင့် ပွတ်တိုက်မိခဲ့သဖြင့် ယာဉ်၏ ရှေ့လေကာမှန်သာကွဲသွားခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။
(သတင်းစဉ်)

ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၆

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်များတက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

အလှူငွေထည့်ဝင်လိုပါက ရန်ကုန်-ဦးလှရွှေ (ဥက္ကဋ္ဌ၊ ရေနံချောင်းမြို့နယ်အသင်း) ဖုန်း-၀၁-၅၇၂၄၄၀၊ မန္တလေး-ဦးမောင်မောင်(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း) ဖုန်း-၀၂-၃၁၈၃၆၊ မကွေး-ဦးကျော်ညွန့်(တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀၊ ရေနံချောင်း-ဒေါ်မြင့်မြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင် (ဥက္ကဋ္ဌ) ဖုန်း-၀၆၀-၂၁၁၁၁နှင့် ဦးဝင်းထွန်း(လေယာဉ်ပျံ ဆေးလိပ်ခုံ) ဖုန်း-၀၆၀-၂၁၁၀၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွန်ပျူတာကွန်ရက် လက်တွေ့ချိတ်ဆက်ခြင်းများ စမ်းသပ်ခြင်း ကွန်ပျူတာပညာရှင်အသင်းရုံး၌ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)သည် အသင်းသားများ၏ ICT ပညာရပ်ဆိုင်ရာ လက်တွေ့လေ့လာမှုများအား အထောက်အကူပြုနိုင်ရန်အတွက် လစဉ် LAB Schedule များ ရေးဆွဲ၍ လက်တွေ့လုပ်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်စိုးမိုး၊ ဦးအောင်ဇော်မြင့်၊ ဦးဇော်ဝင်းထွန်း၊ ဦးရဲကျော်သိန်းတို့မှ ဒီဇင်ဘာ ၁၂ရက်တွင် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ "Practical on Wireless Network Installation, Configuration" ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြသွားမည်ဖြစ်သည်။ Myanmar Info-Tech ဝင်းအတွင်းရှိ အဆောက်အအုံ နှစ်ခုအား 8-dbi Outdoor Wirless Antenna များ အသုံးပြု၍ ကွန်ပျူတာကွန်ရက်လက်တွေ့ချိတ်ဆက်ခြင်းများကို စမ်းသပ်ပြုလုပ်ကြမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ MCPA စာမေးပွဲအောင်မြင်ထားသူများနှင့် Network အခြေခံတတ်မြောက်ထားသူများ၊ Routing နှင့် Switching စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့ကျင့်နိုင်ပြီး ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ လက်တွေ့စမ်းသပ်သူ ၂၄ ဦး လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။
(ကြေးမုံ)

ကောဒသမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည် အထိမ်းအမှတ် ဧကာ ဒသမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အမျိုးသား (ပညာရှင်အဆင့်)နှင့် (ဝါသနာရှင်အဆင့်)၊ အမျိုးသမီး (ဝါသနာရှင်အဆင့်)ဟူ၍ သတ်မှတ်ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ရေတံခွန်တောင်ဂေါက်ကွင်း ဖုန်း- ၀၉-၆၅၀၀၂၃၀ နှင့် ၀၉-၆၈၀၈၀၄၆ တို့သို့ ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်း၊ ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က အထက(၁) တာမွေ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ရဲမှူးကြီး စိုးအောင်မင်း(ငြိမ်း) အမှာစကားပြောကြားစဉ်။
(ကြေးမုံ)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက် တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းတို့သည် ဂိုးမရှိ သရေဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် တစ်ဖက် လေးဂိုးစီ သရေဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ တပ်မတော်(ရေ)အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မချမ်းဘောမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

အုပ်စုပိုလ်ဖြစ်ရေး အဆုံးအဖြတ်ပေးတော့မည့် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ပထမနေ့ပွဲစဉ်များ

၂၀၁၀-၂၀၁၁ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပထမနေ့ပွဲစဉ်မှာ စပါး၊ အင်တာမီလန်၊ ဘာစီလိုနာ၊ မန်ယူစတဲ့ အသင်းကြီးတွေအတွက် အုပ်စုဗိုလ်ဖြစ်ရေးအဆုံးအဖြတ်ပေးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ယခု အုပ်စုနောက်ဆုံးပွဲစဉ်တွေဟာလည်း ပြိုင်ဆိုင်မှုပြင်းထန်ပြီး သက်ဝင်လှုပ်ရှားနေဦးမှာပါ။

၈-၁၂-၂၀၁၀(ဗုဒ္ဓဟူးနေ့)

အုပ်စု(A)

တွမ်တီး-စပါး။ ။နယ်သာလန်ကလပ် တွမ်တီးငါးမှတ်သာ ရထားသေးတာကြောင့် အုပ်စုအဆင့်နဲ့သာ ကျေနပ်ရတော့မှာပါ။ စပါးက ၁၀ မှတ် ရထားပြီး ဒုတိယနေရာက အင်တာမီလန်နဲ့ ရမှတ်တူနေတာကြောင့် အုပ်စုဗိုလ်ဖြစ်ချင်ရင် ဒီပွဲကိုအမှားခံလို့ ရမယ်မထင်ပါဘူး။ စပါးအသင်း အဝေးကွင်းကစားရမှာဖြစ်ပေမယ့် လူစုံပွဲထွက်လာမှာဖြစ်တာကြောင့် လင်နွန်၊ ဒီဖိုး၊ ဂါရတ်ဘေးလ်၊ ဗန်ဒါဗက်တို့ရဲ့ ခြေစွမ်းပြမှုတွေနဲ့အတူ စပါးနိုင်ပွဲတွေ့ပြီး အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ဖို့ရှိနေပါတယ်။

ဝါဒါဘရီမင်-အင်တာမီလန်။ ။ ဂျာမနီကလပ် ဝါဒါဘရီမင် အုပ်စုတက်ရေး မျှော်လင့်ချက်သာမက ယူရိုပါလိဂ်ဝင်ခွင့်တောင် မရရှိတော့ပါဘူး။အင်တာမီလန်က စပါးနဲ့အပြိုင် အုပ်စုဗိုလ်ဖြစ်ရေးလုရမှာဖြစ်တာကြောင့် ဒီပွဲကို အားထည့်ကစားလာဦးမှာပါ။ ဒါပေမယ့် စပါးက အင်တာမီလန်ထက် ရဂိုးသုံးဂိုး သာနေတာကြောင့် ဒီပွဲရဲ့ ကြိုးစားမှုက အရာထင်နိုင်ဖွယ်မရှိပါဘူး။ ဝါဒါဘရီမင် လူမစုံပေမယ့် အိမ်ကွင်းမှာ ဂုဏ်သိက္ခာအတွက် အင်တာမီလန်ကို အနည်းဆုံး သရေတော့ ကစားလာဦးမှာပါ။

အုပ်စု(B)

ဘင်ဖီကာ-ရှော်ကေး။ ။ ပေါ်တူဂီကလပ်ဘင်ဖီကာ ခြောက်မှတ်ရထားပေမယ့် လိုင်ယွန်နဲ့ဂိုးကွာခြားချက်များနေတာကြောင့် ယူရိုပါလိဂ်အဆင့်နဲ့သာ ကျေနပ်ရတော့မှာပါ။ ရှော်ကေးက အုပ်စုဗိုလ်ရရေး ကြိုးစားနေတာကြောင့် လူစုံ ပွဲထွက်လာမှာပါ။ ရှော်ကားခြေသာပေမယ့် ဘင်ဖီကာကွင်းမှာ သရေသာ မျှော်လင့်ခွင့်ရှိပါတယ်။

လိုင်ယွန်-ဟာပိုးလ်တဲလ်အဗစ်။ ။ ကိုးမှတ်ရထားတဲ့လိုင်ယွန် ဒီပွဲကို အနိုင်ရရင် အုပ်စုဗိုလ်ဖြစ်ဖို့ အခွင့်အရေးရှိနေပါတယ်။ လိုင်ယွန်အိမ်ကွင်းမှာ ကစားရမှာဖြစ်သလို ဟာပိုးလ်တဲလ်အဗစ်ရဲ့ ခြေစွမ်းက သာမန်ထက်မပိုတာကြောင့် လိုင်ယွန် အနိုင်ရမယ့်ပွဲပါ။ လိုင်ယွန်တိုက်စစ်မှူးတွေ ဂိုးသွင်းသေချာရင် ဂိုးပြတ်မယ့်ပွဲလို့ သုံးသပ်ချင်ပါတယ်။

အုပ်စု(C)

မန်ယူ-ဗလင်စီယာ။ ။ အိုးထရက်ဖို့ဒ်မှာ ဆုံတွေ့တဲ့ဒီပွဲကတော့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲတစ်ပွဲဖြစ်လာမှာပါ။ မန်ယူ ၁၃ မှတ်ရပြီး အုပ်စုကိုဦးဆောင်နေပေမယ့် အုပ်စုဗိုလ်ဖြစ်ချင်ရင် ဒီပွဲကို အနည်းဆုံးသရေရအောင် ကစားရမှာပါ။ မန်ယူမှာ တောင်ပံကစားသမား နာနီ ခြေစွမ်းပြနေသလို နောက်တန်းနဲ့ တိုက်စစ်ပိုင်းမှာ လူစုံနေတာကြောင့် အိမ်ကွင်းမှာ ညှိသည် ဗလင်စီယာကို ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး ကစား

မန်ယူအတွက် ဂိုးသွင်းပေးနိုင်အောင် ကြိုးစားလာဦးမယ့်နာနီ။

သွားနိုင်မှာပါ။ ပထမအကျော့က အနိုင်ရထားတဲ့မန်ယူ ဒီတစ်ကြိမ်လည်း အနိုင်ကို ပုံဖော်နိုင်စွမ်းရှိနေပေမယ့် ဒီပွဲပြီးရင် အာဆင်နယ်နဲ့ ပရီမီယာလိဂ်ပွဲကျပ်နွှဲရဖို့ရှိနေတာကြောင့် ဂိုးပြတ်ဖွယ်တော့ ရှိမယ်မထင်ပါဘူး။

ဘူဆာစပေါ-ရိန်းဂျားစ် ။ ။ စကော့တလန်ကလပ်ရိန်းဂျားစ် အုပ်စုကို မကျော်ဖြတ်နိုင်ပေမယ့် ယူရိုပါလိဂ်ဝင်ခွင့် ရသွားပါပြီ။ တူရကီကလပ် ဘူဆာစပေါကတော့ နိုင်ပွဲမရှိသေးဘဲ ပွဲတိုင်းမှာ ဂိုးအလျှော့ပေးနေရပါတယ်။ နှစ်သင်းလုံးအတွက် အနိုင်၊ အရှုံးရလဒ်က အရေးမပါတော့တာကြောင့် သရေပွဲဖြစ်ဖို့ ရာနှုန်းများနေပါတယ်။

အုပ်စု(D)

ဘာစီလိုနာ- ရူဘင်ကာဇင်။ ။ လက်ရှိ ဘာစီလိုနာရဲ့ ခြေစွမ်းက အမြင့်ဆုံးမှာ ရှိနေပါတယ်။ တိုက်စစ်ပိုင်းမှာ ဒေးဗစ်ဗီလာ၊ ပက်ဒရိုနဲ့ ဆွာရက်စ်တို့ ခြေစွမ်းပြနေသလို ကွင်းလယ်က မက်ဆီ၊ ဇာဗီနဲ့ အင်နီယေစတာတို့ရဲ့ ပံ့ပိုးမှုကလည်း အားကောင်းလှပါတယ်။ အိမ်ကွင်း ကစားရမယ့် ဘာစီလိုနာ ရူဘင်ကာဇင်ထက် ခြေအပြတ်အသတ်သာပေမယ့် အုပ်စုဗိုလ်နဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်သွားပြီဆိုတာကိုတော့ သတိပြုရမှာပါ။ တတိယနေရာမှာရှိနေတဲ့ ရုရှားကလပ် ရူဘင်ကာဇင်ဟာ ဒုတိယနေရာက ကိုပင်ဟေဂင်နဲ့ တစ်မှတ်သာကွာတာကြောင့် ဒီပွဲနိုင်ရင် အုပ်စုတက်ရေး မျှော်လင့်နိုင်ဦးမှာပါ။ ဒါကြောင့်ဒီပွဲကို ဘာစီလိုနာ ဘယ်လိုကစားမလဲဆိုတာကိုပဲ စောင့်ကြည့်ရမှာပါ။

ကိုပင်ဟေဂင်-ပင်နာသီယာကော့စ်။ ။ ကိုပင်ဟေဂင် ခုနစ်မှတ်ရပြီး ဒုတိယနေရာမှာရှိနေတယ်ဆိုပေမယ့် တတိယနေရာက ရူဘင်ကာဇင်နဲ့ တစ်မှတ်သာကွာတာကြောင့် ဒီပွဲကိုမဖြစ်မနေ အနိုင်ကစားဖို့ လိုအပ်ပါတယ်။ ကိုပင်ဟေဂင် အိမ်ကွင်းကစားရမှာဖြစ်သလို ခြေစွမ်းပိုင်းမှာလည်း ပင်နာသီယာကော့စ်ထက် အနည်းငယ်သာတာကြောင့် ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့ ဧည့်သည်အသင်းကို လိုအပ်တဲ့ဂိုးအရေအတွက်သွင်းပြီး သုံးမှတ်အပြည့်ရယူကာ နောက်တစ်ဆင့်တက်သွားမှာပါ။

ဝင်းတင်(ကြေးမုံ)

ဂူလာမိုအိုကိုအာကို အာဆင်နယ်နှင့် မန်ယူတို့ ပစ်မှတ်ထားလာ

လန်ဒန် ဒီဇင်ဘာ ၆

ပရီမီယာလိဂ်ပြိုင်ဘက်များဖြစ်သော အာဆင်နယ်နှင့် မန်ယူအသင်းတို့သည် ဂိုးသမား ထပ်မံဝယ်ယူအားဖြည့်ရန် ကောင်းစွာနားလည်သဘောပေါက်ကြပြီး အမေရိကန်ကလပ်မှ အိုကိုအာအား ပေါင် ၁၀ သန်းဖြင့် ဝယ်ယူရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အိုကိုအာအား မန်ယူအသင်းမှ ဝယ်ယူရန် ဦးစွာချိတ်ဆက်ထားသော်လည်း ယခုအခါ အာဆင်နယ်အသင်းကပါ ၎င်းတို့၏ ဂိုးသမားအသစ်ဝယ်ယူရန် စီစဉ်ထားသည့်အတိုင်း အသက်(၂၅)နှစ်ရှိပြီဖြစ်သော မက္ကဆီကိုဂိုးသမား အိုကိုအာကို အပြိုင်အဆိုင်ဝယ်ယူရန် စတင်ကြိုးပမ်းလာခြင်း ဖြစ်သည်။

လက်ရှိ အာဆင်နယ်ဂိုးသမား ဖေဘီယန်စကီးနှင့် မန်နူရယ်လ်အယ်လာမူနီယာတို့ထက် ပိုမိုစိတ်ချရမည့် ဂိုးသမားတစ်ဦးရှာဖွေရန် နည်းပြ အာစင်ဝင်းဂါးက ဆက်သွယ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

စိုးတင့်နိုင်

မန်ယူနှင့်အာဆင်နယ်တို့အပြိုင်စိတ်ဝင်စားနေသည့် ဂူလာမိုအိုကိုအာ။



ရီးယဲလ်၏ ဂုဏ်သိက္ခာအတွက် မော်ရင်ဟို ပြန်လည်တုံ့ပြန်မည်

မက်ဒရစ် ဒီဇင်ဘာ ၆

ပြီးခဲ့သည့် တနင်္လာနေ့တွင် နူးကမ့်၌ ဘာစီလိုနာအား ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် မိမိနှင့် မိမိအသင်း ဂုဏ်သိက္ခာကို ရီးယဲလ်မက်ဒရစ်အသင်း နည်းပြမော်ရင်ဟိုက ပြန်လည်ဆယ်ယူရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရီးယဲလ်သည် စနေနေ့တွင် ၎င်း၏ အိမ်ကွင်း၌ ဗလန်စီယာကို အနိုင်ရရှိပြီး ဘာစီလိုနာထက် အမှတ်ပေးဇယား၌ တစ်မှတ်သာနေခဲ့သည်။

"ဒီရှုံးနိမ့်မှုဟာ ကျွန်တော့်ရဲ့နည်းပြသက်တမ်းတစ်လျှောက်မှာ အကြီးမားဆုံး အရှက်ရစေမှု မဟုတ်ပေမယ့် အကြီးမားဆုံး ရှုံးနိမ့်မှုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီလို ငါးဂိုး-ဂိုးမရှိနဲ့ တစ်ခါမှမရှုံးဖူးပါဘူး"ဟု မော်ရင်ဟိုက ပြောကြားခဲ့သည်။ "ဒါပေမယ့်လည်း ပြိုင်ပွဲက မပြီးသေးပါဘူး။ ဘောလုံးရာသီရဲ့ နောက်ဆုံးအထိ အနိုင်ယူဖို့ အခွင့်အလမ်းရှိနေပါသေးတယ်။ ကျွန်တော်တို့ ဆက်ပြီး ကြိုးစားသွားမှာပါ"ဟု မော်ရင်ဟိုက ထပ်လောင်းပြောကြားခဲ့သည်။

အင်တာနက်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ

လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

မွန်ငြိမ်းချမ်း ကာကွယ်ရေးအဖွဲ့မှအဖွဲ့ဝင်များ လက်နက်များ အပ်နှံကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ရင်ခွင်သို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေ၌ ၂၀၁၀ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မွန်ပြည်သစ်ပါတီမှ ခွဲထွက်လာသော နိုင်ရှောင် ဦးဆောင်သည့် မွန်ငြိမ်းချမ်း ကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၁၆၇ ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ရှေ့ဆက်ဆောင်ရွက်နိုင်ရေး၊ ပြည်သူများမျှော်လင့်တောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးတို့အတွက် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ၎င်းတို့ကိုင်ဆောင်သော လက်နက်မျိုးစုံ ၅၀ ဖြင့် မိမိတပ်မတော်သို့ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းလာ

ထို့အတူ လက်နက်ကိုင်လမ်းစဉ်အပေါ် အယုံအကြည်မရှိသော မွန်ပြည်သစ်ပါတီမှ တပ်ဖွဲ့ဝင်အချို့သည် ယခုအခါ နိုင်ရှောင် ခေါင်းဆောင်သော

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▼

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)